# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၄)ရက် ၊ ကြာသပတေးနေ့ ၊ (27-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၉)



ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော်   ဩဂုတ်   ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့် အတူ စာမျက်နှာ ၁၈ ကော်လံ ၁

**လာရောက်ဂါရဝပြုတွေ့ဆုံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား လက်ခံတွေ့ဆုံ** စာမျက်နှာ - ၁၉

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်


နေပြည်တော်   ဩဂုတ်   ၂၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆ + ၃၀၀ နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက်က အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ စာမျက်နှာ ၂၃ ကော်လံ ၁

ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။







## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော်   ဩဂုတ်   ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း "နာရာ" (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ စာမျက်နှာ ၂၁ ကော်လံ ၄

## သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော်   ဩဂုတ်   ၂၆

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ ၎င်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်သက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည် အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၇) ထိဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၅) ထိ သင်တန်းဆင်းပွဲကိုလည်း ကျင်းပခဲ့ကာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရသောကာလတွင် ပြည်သူ့စစ်မှုထမ်းလူငယ်များသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်အပြင် စေတနာပါပါ ထမ်းဆောင်ခဲ့ကြသည့်အတွက် ပြည်သူ့စစ်မှုထမ်းလူငယ်တချို့မှာ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များ ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသည်။ ထို့ပြင် တပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်သည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးခဲ့ပြီး နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်သည်။

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် တရားဝင်နုတ်ထွက်ခွင့်ရရှိသူများ၏ လူနေမှုဘဝအဆင်ပြေစေရန်၊ အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တာဝန်ကျေပွန်သော ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ကြိုဆိုနေသည်သာဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၇၁၂၀ စိုက်ပျိုးမည်


ယခင်နှစ်က ဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၇၁၂၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၇၁၂၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၇၁၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# စဥ့်ကိုင်မြို့နယ် နေပူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နေပူကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နေပူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါနေပူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၃၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၆ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

# အိမ်မဲမြို့နယ်တွင် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**အိမ်မဲ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း အိမ်မဲမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဩဂုတ်လဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၃၅၀၀၀ မှ ၄၀၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေပြီး ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာများနေပါတယ်။ လက်ရှိ တစ်ရက်တာ ရောင်းအားအနေနဲ့ ခဝဲသီးအလုံးရေ ၃၅၀၀၀ ကနေ ၄၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်သွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက် ခဝဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု အိမ်မဲမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် လက်ရှိ ခဝဲသီးအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းဦးခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျွန်းဦးခေတ်မီစံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်နေသော တိုးပွားအောင်အဖွဲ့၊ တိုးတက်အေးချမ်းအဖွဲ့၊ ပြည်လုံးချမ်းသာအဖွဲ့နှင့် အေးချမ်းသာအဖွဲ့လေးဖွဲ့မှ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက RBF စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျွန်းဦးခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သံသာ**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၉၂၇၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၉၂၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၉၂၇၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်မှာ ကုလားပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။

ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေး သွားပါမယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ကုလားပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း-၈ နှင့် ရေဆင်း-၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၃၉ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သုံးပတ်လည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၃၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွန်ကောင်းကျေးရွာ၌ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွန်ကောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၅ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၂၀ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း မအူပင်မြို့နယ်ကနေ ညှော့မထဆန်တွေ အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်ကို ရန်ကုန်ဈေးကွက်က အခုဩဂုတ်လထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဇူလိုင်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော့မထဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ညှော့မထဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

**ဗိုလ်ရှိတ်(ရတနာပူရ)**

**ယခင်တစ်ပတ်မှအဆက်**

**ထီးပေါင်းကားနှင့်ပက်ပါရပ်**

ဘိုးတော်ဗဒုံမင်းမြို့တည်ခဲ့သော အမရပူရမြို့နေရာသည် အမရပူရမြို့ မတည်မီက ထီးပေါင်းကားနယ်၊ ပက်ပါအရပ်ဖြစ်ကြောင်း သိုက်စာများ၊ ရာဇဝင်ကြီးများ၌ ဖော်ပြထားသည်။ အမရပူရမြို့တည်နန်းတည် စာတမ်းများတွင်လည်း ထိုနည်းတူစွာဖော်ပြထားသည်ကို တွေ့ရသည်။ သို့သော် ယခု မျက်မှောက်ခေတ်အခါတွင် အမရပူရမြို့နယ်၌ ထီးပေါင်းကားရွာနှင့် ပက်ပါအရပ်တို့ကို မတွေ့ရတော့ပါ။ ထီးပေါင်းကားရွာလည်း မရှိတော့သလို ပက်ပါရွာလည်းမရှိတော့ပါ။ ဘိုးတော်ဗဒုံမင်း အမရပူရမြို့တည်စဉ်က ထီးပေါင်းကားရွာနှင့် ပက်ပါနယ်တို့တွင် မြို့တည်ခဲ့ကြောင်းကို မုံရွေးရာဇဝင်ကျော်၌ "ဝန်ကြီးဝန်ထောက်တို့ကို ထီးပေါင်းကားအရပ်သို့ သွားစေ၍ မြို့ရွာချင်းနင်းကြည့်ရှုတိုင်းစေသည်တွင် တောင်သမန်အင်းကြီးမှသည် မြောက်တပြင်အရပ်ကို ရှေးအစဉ်ပက်ပါခေါ်ဝေါ်ကြကြောင်း၊ ယင်းသည် မြေအရပ်သည်လည်း ထီးပေါင်းကားရွာ နယ်နိမိတ်အတွင်းဖြစ်ကြောင်း" စသည်ဖြင့် ဖော်ပြထားသည်။ အထက်ပါဖော်ပြထားချက်အရ အမရပူရမြို့တည်မည့်နေရာသည် ထီးပေါင်းကားရွာနယ်အတွင်း၌ တည်ရှိပြီး ပက်ပါအရပ်ဆိုသည်မှာလည်း ထီးပေါင်းကားရွာနယ်အတွင်းရှိ နေရာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ တောင်သမန်အင်းကြီး၏ မြောက်ဘက်တစ်ခွင်သည် ပက်ပါအရပ်ဖြစ်သည်ဟုဆိုထားသောကြောင့် အမရပူရမြို့ဟောင်းတည်ရှိရာနေရာသည် တောင်သမန်အင်း၏ မြောက်ဘက်၌ရှိသောကြောင့် အမရပူရမြို့ဟောင်းနေရာသည် ပက်ပါအရပ်ဟုသိရှိနိုင်သည်။

ပက်ပါအရပ်သည် တောင်သမန်အင်းကြီး၏ မြောက်ဘက်တစ်ခွင်ဟု သိရသော်လည်း ထီးပေါင်းကားမှာ မည်သည့်နေရာမှန်းမသိရသေးပါ။ ထီးပေါင်းကားရွာသည် ပုဂံခေတ်ကတည်းက တည်ရှိခဲ့သော ရွာဖြစ်ကြောင်းကို စမ္ဗူ့ဒီပဥဆောင်းကျမ်းအရသိရှိနိုင်သည်။ စမ္ဗူ့ဒီပဥဆောင်းကျမ်း၌ ထီးပေါင်းကားနယ်အကျယ်အဝန်းကို "ထီးပေါင်းကားနယ်ကား အရှေ့ကိုလားသော် ကျောက်ဆီမီးလက်နွားလားတောင်ရိုးမ။ တောင်ကိုလားသော် ဘုရားရွှေကြက်ယက်၊ အနောက်ကိုလားသော် ဧရာဝတီ၊ ၎င်းအတွင်း ၂၄ ရွာ ပုဂံအနော်ရထာလက်ထက်ရွှေဖြင်းညီနောင်ကိုပေးသည်"ဟူ၍ ဖော်ပြထားသည်။ စမ္ဗူ့ဒီပဥဆောင်းကျမ်းအလိုအရ ထီးပေါင်းကားရွာသည် အနော်ရထာလက်ထက်တွင် ရှိနေပြီဖြစ်သည်။ ထီးပေါင်းကားနယ်အတွင်း၌ ရွာပေါင်း ၂၄ ရွာထိရှိသည်ဟုသိရသည်။ အမရပူရမြို့နေရာဖြစ်သော ပက်ပါအရပ်သည် ထို ၂၄ ရွာအတွင်းရှိ ရွာတစ်ရွာပင် ဖြစ်မည်ထင်ပါသည်။

ထီးပေါင်းကားရွာသည် အမရပူရမြို့တည်စဉ်က မည်သည့်နေရာတွင် တည်ရှိခဲ့မှန်းမသိရသော်လည်း မြို့တည်နန်းတည်စာတမ်းများ၌ ဖော်ပြထားချက်များကို ခြေရာခံကြည့်ပါက အမရပူရမြို့အနောက်မျက်နှာဧရာဝတီမြစ်ကမ်းဘေး၌ တည်ရှိသည်ဟု ခန့်မှန်းရသည်။ ဆရာအောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)က ထီးပေါင်းကားရွာနေရာကို "အိုးဖိုရွာနှင့် ကန်သစ်ကုန်းအနီးတွင် ထီးပေါင်းကားရွာတည်ရှိကြောင်းဆိုသည်။ အချို့ကမူ မြို့တွင်းမှာ ကန်သစ်ကုန်းရှိခဲ့၍ဟု အဆိုရှိသည်။ အိုးဖိုရွာကလေးမှာ တောင်သမန်အင်းစောင်းတွင်တည်ရှိသည်။ ရတနာပုံတက္ကသိုလ်၏ အရှေ့မြောက်ထောင့်တွင် စုစုအုပ်အုပ်တည်ရှိသော ကုန်းကလေးပင်ဖြစ်သည်။ အမရပူရမြို့မတည်မီကပင် ရွာဖြစ်ခဲ့ဟန်ရှိသည်။ ထို့ကြောင့် ဖော်ပြပါအဆိုများအရ အိုးဖိုရွာ၏ မြောက်ဘက်အရပ်သို့မဟုတ် အမရပူရမြို့၏ တောင်ဘက်မြို့ရိုးနေရာတစ်ဝိုက်တွင် ထီးပေါင်းကားရွာရှိခဲ့မည်ဟု ယူဆနိုင်သည်"ဟူ၍ ရွှေဘုံရွှေနန်းအမရပူရကြငှန်းဟူသော စာအုပ်တွင် ရေးသားထားသည်။ ဆရာကြီး၏ အဆိုအရ ထီးပေါင်းကားရွာသည် တောင်သမန်အင်းမြောက်ဘက် အမရပူရမြို့ရိုးတောင်ဘက် တစ်ဝိုက်တွင်ရှိသည်ဟု ဆိုရသည်။

သို့သော် ထိုအဆိုကို သေချာလေ့လာဆန်းစစ်ကြည့်လျှင် မဖြစ်နိုင်ပါ။ မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် တောင်သမန်အင်းမြောက်ဘက်တစ်ခွင်သည် ပက်ပါအရပ်ဟုဆိုထားသည်။ အမရပူရမြို့တည်နန်းတည်စာတမ်းပေမူတွင်လည်း ထီးပေါင်းကားရွာဆိပ်ဟု သုံးနှုန်းထားသောကြောင့် ထီးပေါင်းကားရွာသည် ဧရာဝတီမြစ်ကမ်းဘေးရှိ ရွာတစ်ရွာသာဖြစ်ရပါမည်။ အမရပူရမြို့တည်စာတမ်းပေမူတစ်နေရာတွင် အမရပူရမြို့တော်၏ အနားလေးရပ်ကိုဖော်ပြရာ၌ "ရွှေမြို့တော်ရာ ရွှေနန်းတော်ရာမြေကို အရှေ့မျက်နှာဇောင်းက လေးကုန်တော်ထိ၊ တောင်မျက်နှာ တောင်သမန်အင်းထိ၊ အနောက်မျက်နှာ ထီးပေါင်းခရွာအနောက်မြစ်နားထိ၊ မြောက်မျက်နှာ ထီးပေါင်းခရွာမြောက်နားထိ"ဟူ၍ ဖော်ပြထားသဖြင့် ထီးပေါင်းကားရွာသည် အမရပူရမြို့အနောက်မျက်နှာ ဧရာဝတီမြစ်ကမ်းဘေး၌ တည်ရှိခဲ့သည်ဟု တိတိကျကျသိနိုင်သည်။ မြို့တော်မြောက်မျက်နှာကို ဖော်ပြရာတွင် ထီးပေါင်းခရွာမြောက်နားထိဟု ဖော်ပြထားသဖြင့် ထီးပေါင်းကားရွာသည် မြို့တော်အနောက်မျက်နှာတွင် တည်ရှိသော်လည်း ရွာမှာမြို့တော်၏ မြောက်ဘက်သို့ အနည်းငယ်ပိုရောက်ဟန်ရှိသည်။ ယခုအနေဖြင့် ဖော်ပြရလျှင် အမရပူရမြို့အနောက်မြောက်ထောင့်ရှိ ဆင်ကြို့ရွှေဂူစေတီ၏ အနောက်တောင်ဘက်တစ်ခွင်သည် ထီးပေါင်းကားရွာရှိခဲ့သည်ဟု ပြောနိုင်သည်။ ဤမှာ စကားအလျဉ်းသင့်၍ ထီးပေါင်းကားရွာကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

**❖ အမရပူရမြို့တည်မည့်နေရာသည် ထီးပေါင်းကားရွာနယ်အတွင်း၌တည်ရှိပြီး ပက်ပါအရပ်ဆိုသည်မှာလည်း ထီးပေါင်းကားရွာနယ်အတွင်းရှိ နေရာဒေသတစ်ခုဖြစ်ကြောင်းသိရသည်။ တောင်သမန်အင်းကြီး၏ မြောက်ဘက်တစ်ခွင်သည် ပက်ပါအရပ်ဖြစ်သည်ဟုဆိုထားသောကြောင့် အမရပူရမြို့ဟောင်းတည်ရှိရာနေရာသည် တောင်သမန်အင်း၏ မြောက်ဘက်၌ရှိသောကြောင့် အမရပူရမြို့ဟောင်းနေရာသည် ပက်ပါအရပ်ဟုသိရှိနိုင်သည်။ ပက်ပါအရပ်သည် တောင်သမန်အင်းကြီး၏ မြောက်ဘက်တစ်ခွင်ဟု သိရသော်လည်း ထီးပေါင်းကားမှာ မည်သည့်နေရာမှန်းမသိရသေးပါ။ ❖**

**ဦးပေါ်ဦးနှင့် အမရပူရမြို့သစ်**

ရာဇဝင်ကြီးများတွင် မတွေ့ရသော်လည်း မှတ်တမ်းတချို့တွင် တွေ့ရသော အမတ်ကြီးဦးပေါ်ဦးနှင့် အမရပူရမြို့သစ်စီမံကိန်းအကြောင်းကို ဆိုပါဦးမည်။ အမတ်ကြီးဦးပေါ်ဦးသည် ဘိုးတော်ဗဒုံမင်းလက်ထက်၌ ထင်ရှားသော ငယ်ကျွန်တော် အမတ်ကြီးဖြစ်သည်။ ဘိုးတော်ဗဒုံမင်း အမရပူရမြို့သစ်တည်မည်ဟုဆိုသောအခါ အောက်ပါတဘောင်ထွက်ပေါ်လာသည်။

"အင်းဝကရေငန်၊ တွင်းချေးစော်နံ
တောင်သမန်ရေချိုတွင်း။
သောက်ပါလေ ကိုရန်ရှင်း
ဘေးရန်ကကင်း။

အထက်ပါ တဘောင်တွင်ပါရှိသော ကိုရန်ရှင်းသည် ဘိုးတော်ဗဒုံမင်းကို ရည်ရွယ်သည်။ ကိုရန်ရှင်းတွင် အစစာလုံး "ကို"သည် တနင်္လာနံဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် တနင်္လာသားဖြစ်သောကြောင့် အဆိုပါတဘောင်သည် ဘိုးတော်ဗဒုံမင်းကို ရည်ရွယ်ပေသည်။ ဗဒုံမင်းသည် အမတ်ကြီးဦးပေါ်ဦးကို တဘောင်တွင်ပါရှိသည့် တောင်သမန်ရေချိုတွင်းကို ရှာခိုင်းခဲ့သည်။ အမတ်ကြီးဦးပေါ်ဦးသည် နောက်လိုက်နောက်ပါအစုံနှင့် တောင်သမန်ရေချိုတွင်းကို ရှာသည်။ ထိုသို့ရှာဖွေရာ ကြက်သွန်ခင်းဆရာတော် သီတင်းသုံးသော တောရကျောင်းအနီးရှိ ညောင်ပင်ကြီးအောက်၌ နားနေကြသည်။ ထိုအချိန်တွင် ကြက်သွန်ခင်းဆရာတော်၏တောရကျောင်းဝင်းတစ်နေရာတွင် ရွှေရောင်အဆင်းရှိသော လိပ်ပြာ ၅၀၀ ခန့် ထပျံသွားသည်။ ထိုလိပ်ပြာအုပ်ကြီး ပျံသန်းရာနောက်သို့လိုက်၍ ကြည့်ချေရာ လိပ်ပြာများသည် ချုံကြီးတစ်ခုတွင် အုံဖွဲ့၍နားနေကြသည်။ လိပ်ပြာများနားနေသည်ကိုကြည့်ရာတွင် ရွှေတောင်ကြီးသဖွယ်မြင်ရသည်။ ထိုသို့ ရွှေတောင်ကြီးသဖွယ် မြင်တွေ့ရသော အတိတ်နိမိတ်များကို မြင်တွေ့ရသောဦးပေါ်ဦးသည်ရွှေလိပ်ပြာများနားနေသောနေရာ၏ ပတ်ဝန်းကျင်ကို လေ့လာရာတွင် တောင်သမန်အင်း၊ တောင်မြင့်အင်း၊ တောင်ကြီးအင်း၊ တောင်တော်အင်းတို့ ဝိုင်းလည်ရှိနေသည်ကို တွေ့ရသည်။ ရွှေလိပ်ပြာများနားနေသောနေရာကို အင်းများပတ်လည်ဝိုင်းရံနေခြင်းသည် "တောင်သမန်ရေချိုတွင်း" ဟူသော တဘောင်နှင့်ကိုက်ညီနေသည်။ သို့ဖြစ်သောကြောင့် ဦးပေါ်ဦးသည် ရွှေတောင်သဖွယ်ရွှေလိပ်ပြာများ ဝိုင်းဖွဲ့နေသောနေရာကို မင်္ဂလာနိမိတ်ယူပြီး ထိုနေရာကို အမရပူရနန်းမြို့နေရာအဖြစ် သတ်မှတ်စေခဲ့သည်။

ယခုဖော်ပြခဲ့သော ဦးပေါ်ဦးနှင့် အမရပူရမြို့သစ်အကြောင်းသည် ရာဇဝင်တော်ကြီးများ အမရပူရမြို့တည်နန်းတည်စာတမ်းများတွင် ဖော်ပြထားသည်မဟုတ်ပေ။ မှတ်တမ်းတချို့တွင် တွေ့ရသောကြောင့် စကားမကျန်စေရန် ဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

**မြို့နေရာကြည့်ရှုစေခြင်း**

ဗဒုံမင်းသည် အမရပူရမြို့သစ်တည်ရန်အတွက် မြို့နန်းတည်ဆောက်ရေးပညာရှင်အဖွဲ့ကို အင်းဝမှ အမရပူရမြို့နေရာသို့ စေလွှတ်ကြည့်ရှုစေခဲ့သည်။ ဗဒုံမင်း၏အမိန့်တော်အရ အမရပူရမြို့ နန်းတည်ဆောက်ရေးအဖွဲ့သည် ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့ (၁၇၈၂ ခု၊ အောက်တိုဘာ ၂၀ ရက်) တွင် အမရပူရမြို့သစ်တည်မည့်နေရာကို သွားရောက်ကြည့်ရှုခဲ့သည်။ ထိုအဖွဲ့မှာ–

၁။ မဟာစည်သူ
၂။ ဇေယကာမဏိ
၃။ ဝန်ထောက်စန္ဒဝေသော်
၄။ ဇေယနန်သူ
၅။ စာရေးကြီး ငမှို
၆။ သီရိဝေသော်
၇။ အသုံးစာရေး ၂
၈။ အမှာရေး ၂
၉။ အဝေးရောက် ၂
၁၀။ ပုဏ္ဏားပညာရှိ ကုလားရွာစား၊ မြင်းမူစား ကောဏ္ဍည
၁၁။ ဖြူဟ္မဏကျော်ထင်
၁၂။ လူပညာရှိ တုရင်သီဟကျော်ထင်
၁၃။ ငပျော်

တို့ဖြစ်သည်။ ဤစာရင်းနှင့်ရက်စွဲမှာ အမရပူရမြို့တည်နန်းတည်စာတမ်း ပထမတွဲအရဖြစ်သည်။ အခြားသော ရာဇဝင်မှတ်တမ်းတို့နှင့် လူဦးရေ၊ ရက်စွဲကွဲလွဲမှုရှိသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် မုံရွေးရာဇဝင်ကျော်ကျမ်း၌ တန်ဆောင်မုန်းလဆန်း ၅ ရက် တနင်္ဂနွေနေ့ သွားရောက်ကြည့်ရှုသည်ဟု ရေးထားသည်။ ထိုရက်စွဲများကို မြန်မာ–အင်္ဂလိပ် နှစ် ၂၅၀ ပြက္ခဒိန်ဖြင့် စစ်ကြည့်သော် ၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့သည် တနင်္ဂနွေနေ့မကျပေ။ ကြာသပတေးနေ့ဖြစ်နေသည်။ ဦးတိက္ခဓမ္မာလင်္ကာရနှင့် ဒေါက်တာသန်းထွန်းတို့ပြုစုသော မြန်မာရက်စွဲသမိုင်းကျမ်းတွင် ၁၁၄၄ ခု၊ တန်ဆောင် မုန်းလဆန်း ၁၅ ရက်နေ့သာ တနင်္ဂနွေနေ့ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်။ ထို့ကြောင့် မြို့တည်နန်းတည် ပညာရှင်အဖွဲ့ သွားရောက်ကြည့်ရှုသောရက်ကို ၁၁၄၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့ဟု အမရပူရမြို့တည်နန်းတည် စာတမ်းပထမတွဲအတိုင်းသာ အမှန်ယူသင့်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် မုံရွေးရာဇဝင်ကျော်တို့သည် ၁၅ ရက်နေ့ဟု ရေးသားသည်ကို ၁ ကျန်ခဲ့ကာ ၅ ရက်နေ့ဟု မှားယွင်းခဲ့ခြင်းဖြစ်နိုင်ပါသည်။

ထိုအဖွဲ့သည် အမရပူရမြို့တည်မည့်နေရာသို့ သွားရောက်ကာ မြို့တည်စီမံကိန်းများကို အကောင်အထည်ဖော်ရသည်။ အမရပူရမြို့ကိုတည်ရာတွင် အလုံးစုံကို အုပ်ချုပ်စီရင်ရသူမှာ လက်ဝဲနော်ရထာ အမတ်ကြီး၏ညီ အဂ္ဂမဟာသေနာပတိသီရိမဟာသီဟသူရဖြစ်သည်။

**အခငွေတော်ပေး၍မြို့တည်**

ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့သစ်ကို တည်ရာတွင် ပြည်သူလူထု၏ လုပ်အားကို အလကားယူကာ တည်ခဲ့သည်မဟုတ်ပေ။ ထိုက်သင့်သော ငွေတော်ပေး၍ တည်ခဲ့သည်သာဖြစ်သည်။ မြို့တည်ရန် သွားရောက်ကြည့်ရှုစီစဉ်သည့် ပညာရှင်အဖွဲ့သွားကတည်းက မြို့တည်ရန်လက်ခငွေအဖြစ် ငွေစင်ပိဿာ ၃၀၀၀ တစ်ခါတည်း ပေးအပ်လိုက်ခြင်းဖြစ်သည်။ ထိုငွေများထဲမှ သစ်ဝယ်၊ အုတ်ဖုတ်၊ လက်ခစသည်ဖြင့်ပေးရသည်။ မြို့တံခါး၊ မြို့ရိုး၊ ပြ၊ ကျုံးစသည်တို့ကို လုပ်ဆောင်ရာတွင် ထိုက်သင့်သော အဖိုးအခပေး၍ လုပ်ဆောင်ခိုင်းသည်။ ထိုသို့ မြို့တည်ရာတွင်အခကြေးငွေပေး၍ ငှားရမ်းလုပ်ကိုင်

စာမျက်နှာ ၅ သို့ á

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

## မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၇၄၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၇၄၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၄၅ ဧကနှင့် ဖူးစားပြောင်း ၆၂၅၅ ဧက စုစုပေါင်း ဧက ၇၄၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပြောင်းဧက ၇၄၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက် ပေးသွားပါမယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး၊ သဘာဝ မြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ရန် အမိန့်တော်တစ်ရပ်ကို ၁၁၄၄ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အမိန့်တော်အပြည့်အစုံမှာ-

"မြို့ပြ၊ ကျုံး၊ မြောင်း၊ ပြ၊ တန်ဆောင်းရွှေဘုံရွှေနန်းပြုစုတည်ထားလုပ်ဆောင်ရသည်ဆိုသည့်အရာသည် ဌာဝရမှုကြီးမှုကျယ်ဖြစ်သည်။ ဆင်းရဲသား ကျွန်တော်မျိုးတို့တွင် သူကြီး၊ ကလံ၊ ခေါင်းအကြီး၊ ဝန်၊ အတိုင်းစာရေး စာချီပြု၍ စွဲခန့်စီရင်သည့် သူတို့သည် အသာအနာမျှအောင် ကြေးငွေကုန်တန်ကုန်သင့်မှ ကုန်စေရမည်။ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေစွာ ဖြောင့်ဖြောင့်ရိုးရိုး စွဲယူ၍ မစီမရင် ကိုယ့်ဘို့ကိုယ့်တာ လောဘရမ္မက်ကိုလိုက်၍ သိနိုင်မြင်နိုင်မည်မဟုတ် အယူနှင့်စီရင်တတ်သည်။ လုပ်လိုဆောင်လိုရာ အလျောက်အလျားငှားရမ်းလုပ်ဆောင်ကြမည်မဟုတ်။ မြို့တတာလျှင် အဘိုးလက္ခမည်မျှ၊ တံခါးတဆူ၊ ပြတလုံး၊ ကျုံးတတာလျှင် အဘိုးလက္ခမည်မျှ၊ သစ်ဖိုးလွှခမှစ၍ ဈေးနှုန်းဈေးစံကို မည်မျှသာဖြစ်စေ အင်တန်သည်ကို ပြဋ္ဌာန်းခြားနား၍ ငှားရမ်းစီရင်လုပ်ဆောင်ကြစေ။

သက္ကရာဇ် ၁၁၄၄ ခု ပြာသိုလပြည့်ကျော် ၃ ရက်နေ့ နားခံပြော့ကြီးမှူးတွင်ပြန်"ဟူ၍ ဖြစ်သည်။

ထိုအမိန့်တော်အတိုင်းပင် အမရပူရမြို့သစ်တည်ဆောက်ရေးအတွက် ငွေတော်ပိဿာ ၃၀၀၀ ထုတ်ပေးခဲ့ရာ စုစုပေါင်းလုပ်အားလက်ခမှာ ငွေပိဿာ ၂၅၀၀ ဖြစ်သည်။ သံ၊ သစ်၊ ဝါး စသည့်ပစ္စည်းဖိုးမှာ ငွေပိဿာ ၅၀၀ ဖြစ်သည်။ ပစ္စည်းဖိုးထက် လက်ခသည် ငါးဆမျှပိုများသည်။ အမရပူရ မြို့တည်နန်းတည်စာတမ်းများတွင်လည်း ပေးရသောလုပ်အားစက်ခနှုန်းထားများကို ဖော်ပြထားသည်။ သာဓကအားဖြင့် ထုတ်ပြရလျှင် အမရပူရမြို့တည်နန်းတည်စာတမ်းပထမတွဲ၌ မြို့ရိုးတာ ၁၀၀ လျှင် အခငွေတော် ၁၂၅ ပေးရကြောင်း ဖော်ပြထားသည်။ အထက်ပါ အထောက်အထားများကို ကြည့်ခြင်းအားဖြင့် ရှေးကမြန်မာမင်းများ မြို့၊ နန်း တည်ရာတွင် ပြည်သူ့လုပ်အားကို အလကားမခိုင်းကြောင်း ထင်ရှားပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အေးချမ်းသာစွ ဝါခေါင်လ

\- ဝါခေါင်လ သိဟ်ရာသီ
ချိန်ခါညီ မိုးလေကဲ၊
နက္ခတ်သရဝဏ် ဝင်းပလို့
လင်းလက်အမြဲ။

\- ဖူးပွင့်ကြ ထနောင်းခတ္တာ
ဇလပ်ဝါ ပင်ယံနန်း၊
လုပပုံ ပြောစမှတ်ဆန်းဖြင့်
(ပွင့်ဖူးကြတယ်)
တောဒဟတ်ပန်း။

\- လှူဒါန်းကြ မြတ်သံဃာ
ရှေးရိုးရာ အစဉ်နွဲ၊
မြတ်သဒ္ဓါ ဖွေးလက်သည့်
(လှူဒါန်းကြ)
စာရေးတံမဲပွဲ။

\- ကရင်တို့ရဲ့ ဓလေ့ရိုးရာ
ဘိုးဘွားတို့ နှစ်စဉ်နွှဲ၊
ချည်ဖြူပွဲတော် ကျင်းပကြလို့
ရင်းနှီးစွာ တွေ့ဆုံကြသည့်
ဝါခေါင်လပွဲ။

\- မြတ်ဗုဒ္ဓ သုတ်တော်လာ
ထုတ်ဖော်ကာ ဟောကြား၊
လပြည့်ဝါခေါင် နေ့မြတ်အခါ
လူနတ်ဗြဟ္မာသတ္တဝါ ချစ်ခင်ကြလို့
(ဟောကြားခဲ့)
မေတ္တာသုတ်တရား။ ။

ပန်းမာလာ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယ အမျိုးသားလုံခြုံရေးအကြံပေးတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဩဂုတ် ၂၆**

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီနှင့် အိန္ဒိယအစိုးရ အမျိုးသား လုံခြုံရေးအကြံပေး အဂျစ်ဒိုဗယ်လ် တို့သည် ဩဂုတ် ၂၅ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ ကြကြောင်း Xinhua သတင်းဌာန က ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် အိန္ဒိယ အမျိုးသားလုံခြုံရေး အကြံပေးတို့ သည် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စ များနှင့် နယ်စပ်ပြဿနာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်ချင်း ကီလိုမီတာ ၃၈၀၀ (မိုင် ၂၄၀၀) ခန့် ထိစပ်နေ သည့် နိုင်ငံများဖြစ် ပြီး ဟိမဝန္တာ ကုန်းမြင့်ဒေသ၌ နယ်မြေပိုင်ဆိုင် ခွင့် အငြင်းပွားမှုများရှိနေသည့် နိုင်ငံများဖြစ်ကြသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးသည် မိမိတို့နှစ်နိုင်ငံ လုံးအတွက်သာမက တစ်ကမ္ဘာလုံး အတိုင်းအတာအရ၊ မဟာဗျူဟာ သဘောအရလည်း အရေးကြီး ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီက အိန္ဒိယအမျိုးသား လုံခြုံရေးအကြံပေး အဂျစ်ဒိုဗယ်လ် နှင့် တွေ့ဆုံစဉ်ထုတ်ဖော်ပြော ကြားခဲ့သည်။

သို့ဖြစ်ရာ တရုတ်နှင့် အိန္ဒိယတို့ အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန်နှင့် သဘောထားကွဲလွဲ မှုများကို လျှော့ချရန်လိုကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးက တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများအတွင်းရှိ ရေမြှုပ်မိုင်းများကို ရှင်းလင်းထားကြောင်း သမ္မတဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၆**

ဟော်မုဇ်ရေလက်ကြား နိုင်ငံ တကာ ရေလမ်းကြောင်းများရှိ ရေမြှုပ်မိုင်းအားလုံးကို ဖောက်ခွဲ ရှင်းလင်းခြင်း၊ ဖယ်ရှားခြင်းများ ပြုလုပ်ထားပြီဖြစ်ကြောင်း အမေ ရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၂၅ ရက်တွင် ထုတ်ဖော်ပြော ကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ရေမြှုပ်မိုင်းများ ထပ်ချရန် ကြိုးပမ်းလာမည့် မည်သည့် အီရန်သင်္ဘောမျိုးကို မဆို တိုက်ခိုက်ဖျက်ဆီးမည်ဖြစ် ကြောင်းလည်း အီရန်အစိုးရကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က သတိပေးပြောကြားထားသည်။



အမေရိကန် နိုင်ငံအနေဖြင့် အာကာသတပ်ဖွဲ့၏အကူအညီဖြင့် ဟော်မုဇ်ရေလက်ကြားကို နေရာ မလပ် အစဉ်စောင့်ကြည့်နေ ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုမီဒီယာစာမျက်နှာ ၌ ရေးသားထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ သည် တစ်ဖက်နှင့် တစ်ဖက်စစ်ရေး ပဋိပက္ခအရ တိုက်ခိုက်မှုများကို ရက်အတန်ကြာမျှ ရပ်ဆိုင်းထား သော်လည်း ဟော်မုဇ်ရေလက် ကြားကို ထိန်းချုပ်ရန် အပြိုင် အဆိုင်ကြိုးပမ်းလျက်ရှိသည်။

လက်ရှိတွင် ဟော်မုဇ်ရေလက် ကြားကို ဖြတ်သန်းနေသော ရေနံ စိမ်းပမာဏမှာ ကျဆင်းနေဆဲဖြစ် ရာ ဩဂုတ် ၂၄ ရက်တွင် ရေနံစိမ်း စည်ပေါင်း ငါးသန်းထိသာ ဖြတ် သန်းနိုင်ခဲ့သည်။

**Ref : RT**
**Trs : KKO**

# ဟော်မုဇ်ရေလက်ကြား စီမံခန့်ခွဲရေး အီရန်နှင့် အိုမန်ဆွေးနွေးနေ

**တီဟီရန် ဩဂုတ် ၂၆**

ဟော်မုဇ်ရေလက်ကြား စီမံ ခန့်ခွဲရေးအတွက် အိုမန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြန်လည် စတင်နေပြီဖြစ်ကြောင်း အီရန် အစိုးရက ယနေ့တွင် သတင်း ထုတ်ပြန်ခဲ့သည်ဟု RT သတင်း ဌာနက ဖော်ပြထားသည်။

အီရန် စစ်ရေးပဋိပက္ခကာလ အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စီးပွားရေးအရ ဖိအားပေးမှုနှင့် ပိုမိုရင်ဆိုင်နေရ စဉ် ဟော်မုဇ်ရေလက်ကြားကို စီမံ ခန့်ခွဲရေးအတွက် အီရန်နိုင်ငံက အိုမန်နိုင်ငံနှင့် ဆွေးနွေးနေခြင်း ဖြစ်သည်။

အီရန်နှင့် အိုမန်နိုင်ငံတို့သည် မဟာဗျူဟာမြောက် ဟော်မုဇ် ရေလက်ကြား၏ တစ်ဖက်တစ် ချက်တွင်ရှိနေသော နိုင်ငံများဖြစ် ကြောင်း သိရသည်။

အီရန်နှင့် အိုမန်တို့သည် ပြီးခဲ့ သည့် ရက်သတ္တပတ်များအတွင်း ဟော်မုဇ်ရေလက်ကြား ရေကြောင်း သွားလာမှုများကို စီမံခန့်ခွဲရေး အတွက်ဆွေးနွေးပွဲများ အကြိမ် ကြိမ် ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ဩဂုတ် ၂၅ ရက်တွင် ကျင်းပခဲ့ သည့် ဆွေးနွေးပွဲများတွင် အီရန်နှင့် အိုမန်နိုင်ငံတို့သည် ဟော်မုဇ်ရေလက်ကြား တစ် လျှောက်၌ နှစ်နိုင်ငံပူးတွဲစီမံခန့်ခွဲ မည့်ယာယီရေကြောင်း စင်္ကြံလမ်း တစ်ခုထားရှိရေးနှင့် ထိုစင်္ကြံလမ်း ကြောင်း၌ ရေမြှုပ်မိုင်းများ ရှင်းလင်းရေးတို့ကို ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရက်ချီနှင့် အိုမန်နိုင်ငံခြားရေး ဝန်ကြီး အယ်လ်ဘူဆိုင်ဒီတို့ ပါဝင် ခဲ့ကြောင်းသိရသည်။

**Ref : RT**
**Trs : KKO**

# နီပေါနှင့် တရုတ်နယ်စပ်တွင် ရုတ်တရက်ရေကြီးမှုကြောင့် လူဦးရေ ၁၀၀ ကျော်သေဆုံး၍ ၅၀၀ ကျော်ပျောက်ဆုံးနေ



**ခတ္တမန္ဒူ ဩဂုတ် ၂၆**

နီပေါနှင့် တရုတ်နိုင်ငံနယ်စပ် ဒေသ၌ ယနေ့တွင် ရုတ်တရက်ရေ ကြီးမှုဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၀၀ ကျော်သေဆုံး၍ ၅၀၀ ကျော်ခန့် ပျောက်ဆုံးနေကြောင်း နီပေါခရီး သွားလုပ်ငန်း ဘုတ်အဖွဲ့က ပြောကြားထားသည်ဟု Anadolu သတင်း ဌာနက ဖော်ပြထားသည်။

အဆိုပါ နီပေါနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသတွင် ရေကြီးမှုသည် ရုတ်တရက် ရေကြီးခြင်းဖြစ်ပြီး ရွှံ့ရေများ တစ်ဟုန်ထိုးစီးဆင်းလာ မှုကြောင့် ယခုအချိန်ထိ လူဦးရေ ၁၀၀ ခန့်သေဆုံးထားပြီး ပျောက် ဆုံးသူဦးရေ ၅၀၀ ခန့်ရှိကြောင်း၊ ပျောက်ဆုံးနေသူ များထဲတွင် ခရီးသွားအများစု ပါဝင်နေသည့် အပြင် စစ်သည်များနှင့်ရဲတပ်ဖွဲ့ဝင် များလည်းပါဝင်နေပြီး လူ ၅၄ ဦး ကိုသာ ကယ်ဆယ်ထားနိုင်သေး ကြောင်း နီပေါရဲတပ်ဖွဲ့မှပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြား ထားသည်။

အဆိုပါရေကြီးမှုတွင် ပြင်းထန် သော ရေစီးကြမ်းမှုကြောင့် တံတား ၁၉ စင်းသည် ရေစီးနှင့်အတူမျောပါ သွားပြီး ကီလိုမီတာ ၄၀ အရှည်ရှိ သော လမ်းမကြီးတစ်ခုလည်း ပျက်စီးသွားကြောင်း၊ ရေအား လျှပ်စစ်စက်ရုံ ၁၃ ခုသည်လည်း ရေစီးအားကြောင့် ပျက်စီးခဲ့ကြောင်း နီပေါအစိုးရခန့်မှန်း ထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

ယနေ့နံနက်ပိုင်းက ပြင်းအား ၄ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်ငယ် သည် နီပေါ-တရုတ်နယ်စပ်တွင် လှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်လှုပ် ခတ်မှုကြောင့် ရေခဲတောင်ပြိုကျမှု တစ်ခုဖြစ်ပေါ်ခဲ့ကာ တိဗက်ဒေသ တွင်ရှိသော ရေကန်များကျိုးပေါက် မှုဖြစ်ပွားခဲ့သည့်အတွက် ယခုကဲ့သို့ ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ရ ကြောင်း နီပေါနိုင်ငံတာဝန်ရှိသူ များက ပြောကြားထားသည်။

လက်ရှိတွင် နီပေါနိုင်ငံသာမက တရုတ်နိုင်ငံသည်လည်းအကြီးစား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ကို အင်တိုက်အားတိုက် ကြိုးပမ်း လုပ်ဆောင်နေသည်ဟု တာဝန်ရှိ သူများ၏ ထုတ်ပြန်ချက်၌ ဖော်ပြ ထားကြောင်း သိရသည်။

**Ref : Anadolu**
**Trs : TM**

# တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း ရုရှားစစ်လေယာဉ်များ ဝင်ရောက်

**ဆိုးလ် ဩဂုတ် ၂၆**

တောင်ကိုရီးယားနိုင်ငံ၏ လေ ကြောင်းရန် ကာကွယ်ရေးစိစစ်ဇုန် အတွင်း ရုရှားစစ်လေယာဉ်များ ဝင်ရောက်ခဲ့ကြကြောင်း တောင် ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဌာနက ဩဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xin-hua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောင်ကိုရီးယား လေကြောင်း ရန်ကာကွယ်ရေး စိစစ်ဇုန်အတွင်း သို့ဝင်ရောက်လာသည့် ရုရှား စစ်လေယာဉ်များကို စောင့်ကြည့် ရေးအတွက် တိုက်လေယာဉ်များ အရေးပေါ် စေလွှတ်ခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယူကရိန်း စစ်ရေးပဋိပက္ခကို အကြောင်းပြု၍ အနောက်အုပ်စု နိုင်ငံများက အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရာတွင် တောင်ကိုရီးယား က ပူးပေါင်းပါဝင်နေမှုကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေ ချိန်၌ တောင်ကိုရီးယားလေ ကြောင်းရန်ကာကွယ်ရေး စိစစ်ဇုန် အတွင်းသို့ ရုရှားစစ်လေယာဉ် များ ဝင်ရောက်လာခဲ့ပြီးနောက် ပြန်လည်ထွက်ခွာ သွားကြောင်း တောင်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် အဆိုပါရုရှားစစ်လေ ယာဉ်များသည် တောင်ကိုရီးယား ဝေဟင်ပိုက်နက်ကို ချိုးဖောက် ခြင်းမရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်အမျိုးသားအာကာသအေဂျင်စီက ချန်အာ-၇ လဆင်းယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ရာသီဥတုဆိုးရွားနေသဖြင့် ဆိုင်းငံ့ထား



ပေကျင်း ဩဂုတ် ၂၆

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၇ လဆင်းယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ရာသီဥတုအခြေအနေဆိုးရွားနေသဖြင့် ဆိုင်းငံ့ထားကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် မူလက ချန်အာ-၇ လဆင်းယာဉ်ကို ဩဂုတ် ၂၄ ရက်တွင် လောင်းမတ်ချ်-၅ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်း ဝန်ချန်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် တောင်တရုတ်ပင်လယ်ဒေသ တုန်ကင်ပင်လယ်ကွေ့၌ တိုက်ခတ်နေသော နာရာအပူပိုင်းမုန်တိုင်းကြောင့် ချန်အာ-၇ လဆင်းယာဉ်မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားလိုက်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် လွှတ်တင်ရေးအတွက် အခြေအနေမပေးမှုကြောင့် ချန်အာ-၇ မစ်ရှင်ကို ယခုနှစ်အတွင်း လွှတ်တင်နိုင်ရန် မသေချာတော့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ချန်အာ-၇ လဆင်းယာဉ်မစ်ရှင်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသရှိ ဥက္ကာချိုင့်ဝှမ်းများအတွင်း ခိုအောင်းနေသည့် ရေခဲများကို တူးဖော်ရှာဖွေမည့်မစ်ရှင်ဖြစ်သည်။

ချန်အာ-၇ မစ်ရှင်ကို လပတ်အာကာသယာဉ်၊ လဆင်းယာဉ်၊ လမျက်နှာပြင်လှေ့လာရေးယာဉ်နှင့် တစ်နေရာမှတစ်နေရာသို့ ခုန်ပျံသွားလာနိုင်သော စက်ရုပ်ယာဉ်ငယ်တစ်စင်းတို့ဖြင့် ဖွဲ့စည်းထားသော မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# နာဆာက နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ် လွှတ်တင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်

ဝါရှင်တန် ဩဂုတ် ၂၆

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ဩဂုတ် ၂၁ ရက်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံ၏ အာကာသယာဉ် ကာကွယ်ရေးစနစ်အတွင်းသို့ ထည့်သွင်းခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်ဟဲဗီးဒုံးပျံအာကာသယာဉ်ကာကွယ်ရေးစနစ်အတွင်းသို့ နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ် ထည့်သွင်းမှုကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို လာမည့် ဩဂုတ် ၃၀ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ကနေဒီအာကာသစခန်းမှ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့် မိုင်တစ်သန်းခန့်အကွာတွင် နေရာယူ၍ စကြဝဠာစူးစမ်းလေ့လာမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်း ပြင်ပဂြိုဟ်များ၊ မဟူရာဒြပ်စင်များနှင့် မဟူရာစွမ်းအင်များကို လေ့လာဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# အီဂျစ်သဲကန္တာရဒေသ အဘူတာတာကုန်းမြင့်ဒေသ၌ ကမ္ဘာဦးငါးမန်းမျိုးစိတ် ငါးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းသွားများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

ကိုင်ရို ဩဂုတ် ၂၆

အီဂျစ်သဲကန္တာရဒေသ အဘူတာတာကုန်းမြင့်ဒေသ၌ မျိုးသုဉ်းပျောက်ကွယ် သွားပြီဖြစ်သော ကမ္ဘာဦးငါးမန်းမျိုးစိတ် ငါးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းသွားများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

အီဂျစ်သိပ္ပံပညာရှင်များသည် အဆိုပါ ငါးမန်းမျိုးစိတ်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်း ငါးမန်းသွားများကို အဘူတာတာဒေသ၌ပထမဆုံးအကြိမ်အဖြစ် တူးဖော်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ သွားကျောက်ဖြစ်ရုပ်ကြွင်းများသည် ခရီတေးရှီးယပ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့် ငါးမန်းများ၏ သွားများဖြစ်ကြကြောင်း အီဂျစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ခရီတေးရှီးယပ်ဘူမိခေတ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၅ သန်းမှ ၆၆ သန်းထိ ကြာမြင့်ခဲ့သည့် ဘူမိခေတ်အပိုင်းအခြားဖြစ်သည်။

ခရီတေးရှီးယပ် ဘူမိခေတ်အတွင်း ကမ္ဘာကြီးသည် ဝင်ရိုးစွန်းရေခဲပြင်များ မရှိသလောက်နည်းပါး၍ သိသိသာသာပို၍ပူနွေးပြီး ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်တွင် ယနေ့ခေတ်ထက် များစွာပိုမြင့်မားခဲ့သော ဘူမိခေတ်ဖြစ်သည်။

ခရီတေးရှီးယပ် ဘူမိခေတ်အတွင်း ယနေ့ခေတ် အီဂျစ်သဲကန္တာရဒေသနှင့် မြောက်အာဖရိကဒေသတွင် ဆားငန်ရေပြင်ဒေသကြီးဖြစ်ခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# ဆီးကျိတ်ကင်ဆာရောဂါရှိနေသူအမျိုးသားများ နာကျင်မှုမရှိသောဓာတ်မှန်စနစ် MRI ဖြင့် ရောဂါရှိ၊ မရှိကို စစ်ဆေးအတည်ပြုနိုင်

လန်ဒန် ဩဂုတ် ၂၆

ဆီးကျိတ်ကင်ဆာရောဂါရှိနေသူအမျိုးသားများအနေဖြင့် ရိုးစင်း၍ နာကျင်မှုမရှိသောသံလိုက်လှိုင်းပုံရိပ်ဖော်ဓာတ်မှန်စနစ်(MRI)ဖြင့် ရောဂါရှိ၊ မရှိကို စစ်ဆေးအတည်ပြုနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဆီးကျိတ်ကင်ဆာရှိ၊ မရှိ စစ်ဆေးရာတွင် ဆီးကျိတ်အတွင်းသို့ အပ်ထိုးသွင်း၍ အသားစထုတ်ယူစစ်ဆေးနည်းဖြင့် စစ်ဆေးဖော်ထုတ်လေ့ရှိသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆီးကျိတ်ကင်ဆာရောဂါရှိ၊ မရှိကို သံလိုက်လှိုင်းပုံရိပ်ဖော်ဓာတ်မှန်စနစ်(MRI)ဖြင့် တိကျစွာဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဗြိတိန်အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဌာန၏ ညွှန်ကြားချက်အရ ဆီးကျိတ်ကင်ဆာရှာဖွေဖော်ထုတ်ရာတွင် အသားစထုတ်ယူစစ်ဆေးမှုမပြုလုပ်မီ MRI စနစ်ဖြင့် ဦးစွာစစ်ဆေးသင့်သည်။

သို့ရာတွင် မိမိတို့၏ လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကျောက်ကပ်ကင်ဆာနှင့် အသည်းကင်ဆာရောဂါများကဲ့သို့ပင် ဆီးကျိတ်ကင်ဆာကိုလည်း MRI စနစ်ဖြင့် စစ်ဆေးဖော်ထုတ်နိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# အရွက်စိမ်းဟင်းသီးဟင်းရွက်တချို့တွင်ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးက အူမကြီးကင်ဆာရောဂါတစ်မျိုးဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

လန်ဒန် ဩဂုတ် ၂၆

အရွက်စိမ်းဟင်းသီးဟင်းရွက်တချို့တွင်ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးသည် အူမကြီးကင်ဆာရောဂါတစ်မျိုးဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ဩဂုတ် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထာသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Arugula ခေါ် ဆလတ်ရွက်တစ်မျိုးနှင့် Swiss Chard ခေါ် အရွက်တစ်မျိုးအပါအဝင် အရွက်စိမ်းဟင်းသီးဟင်းရွက်တချို့၌ တွေ့ရှိရတတ်သည့် နိုက်ထရိတ်ဓာတုဒြပ်ပေါင်းသည် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

နိုက်ထရိတ်ဓာတုဒြပ်ပေါင်းကို ဆေးရွက်ကြီးနှင့် ကျောက်ဂွမ်း (Asbestos) ကဲ့သို့ ကင်ဆာရောဂါဖြစ်စေတတ်သည့်ပစ္စည်းတစ်မျိုးအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၈၂၀၀၉ ဦးတို့ကို လေ့လာခဲ့ကြရာမှ ပေါ်ထွက်လာသည့်ရလဒ်များအရ နိုက်ထရိတ်ဓာတုဒြပ်ပေါင်း စားသုံးမှုနှုန်းအမြင့်ဆုံး အမျိုးသားများသည် အနည်းဆုံးစားသုံးသူအမျိုးသားများနှင့်နှိုင်းယှဉ်ပါက အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ၂၃ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# U.S. Open အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် အယ်ကာရက်ဇ်နှင့် ဆရီနာဝီလျံတို့အတွဲ ဒုတိယအဆင့်ကိုတက်ရောက်

နယူးယောက် ဩဂုတ် ၂၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် U.S. Open အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်နှင့် အမေရိကန် တင်းနစ်မယ် ဆရီနာဝီလျံတို့ အတွဲက ပထမအဆင့် ပွဲစဉ်တွင် ဖြိတိန်တင်းနစ် ကစားသမား ဂလက်စ်ပူးနှင့် နယူးဇီလန်တင်းနစ်မယ် ရှော့တစ်ဖီတို့အတွဲနှင့်ယှဉ်ပြိုင်ခဲ့ရာ (၅-၃ ၊ ၄-၁) ရလဒ်ဖြင့် အယ်ကာရက်ဇ်တို့အတွဲက အနိုင်ရပြီးဒုတိယအဆင့်ကို တက်ရောက်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူခဲ့ရပြီးနောက် ပွဲဦးထွက် အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ တင်းနစ်လောကမှ လေးနှစ်ကြာအနားယူခဲ့သူ ဆရီနာဝီလျံသည်လည်း ပထမဆုံးပြန်လည်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးကြသည့် ပြိုင်ပွဲဝင်နှစ်ဦးသည် အတွဲညီခဲ့ပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်ကြောင်း စွမ်းဆောင်ပြခဲ့သည်။

ဆရီနာဝီလျံက "အခု ဒီပြိုင်ပွဲ ကျင်းပနေတဲ့ တင်းနစ်ကွင်းမှာ နောက်ထပ်တစ်ကြိမ် ခြေချခွင့်ရမယ်လို့ တစ်ခါမှမတွေးမိပါဘူး။ အနားယူပြီးတဲ့နောက် တင်းနစ်လောကနဲ့ ကင်းကွာနေသလို မိသားစုကိုပဲ အချိန်ပေးဖြစ်ခဲ့တယ်။ ဒါပေမဲ့လဲ ပရော်ဖက်ရှင်နယ် တစ်ယောက်အနေနဲ့ တင်းနစ်လောကမှာ ကာလရှည်ဖြတ်သန်းလာခဲ့ပြီးတော့ ကာလတစ်ခုထိ အနားယူပြီးတဲ့အချိန်မှာ တင်းနစ်လောကထဲပြန်ဝင်ဖို့ ဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE

Trs : AZL



# ASEAN Hyundai Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းကို အနိုင်ရပြီး ဗီယက်နမ်အသင်းချန်ပီယံဆုဖလား ဆွတ်ခူး

ဟန္နိုင်း ဩဂုတ် ၂၆

၂၀၂၆ ခုနှစ် ASEAN Hyuadai Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညပိုင်းက ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ကစားခဲ့ရာ ဗီယက်နမ်အသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း သိရသည်။




ASEAN Hyuadai Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားသည့် စနစ်ဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းအိမ်ကွင်းတွင် ဩဂုတ် ၂၂ ရက်က ကစားခဲ့ရာ ဗီယက်နမ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဒုတိယအကျော့ပွဲစဉ်အဖြစ် ယနေ့တွင် ဗီယက်နမ်အသင်း အိမ်ကွင်း၌ ကစားခဲ့ရာ ပွဲချိန် ၁၂ မိနစ်တွင် Burapha က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းတွင် ထိုင်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်တွင် Bootprom က ဗီယက်နမ် အသင်းအတွက် ချေပဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၅ မိနစ်တွင် Jarunongkran က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုး ပြန်လည် သွင်းယူခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပိုသုံးမိနစ်တွင် ထိုင်းအသင်းမှ Jarunongkranက ဘောလုံးကို ဖျက်ထုတ်ခဲ့ရာမှ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ဗီယက်နမ်အသင်းက ချေပဂိုးပြန်လည်ရရှိခဲ့ကာ ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် ဗီယက်နမ်အသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ယခုနှစ်ဘောလုံးရာသီ မြန်မာလိဂ်ပြိုင်ပွဲ (M League) တွင် ဆုကြေးငွေ နှစ်ဆတိုးမြှင့်ပြီး ချန်ပီယံအသင်းကို ဆုကြေးငွေကျပ်သိန်း ၂၀၀၀ ထိချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပမည့် မြန်မာလိဂ်ပြိုင်ပွဲ (M League) တွင် ချန်ပီယံ ဆုကြေးငွေကို ပြီးခဲ့သည့် ဘောလုံးရာသီကထက် နှစ်ဆဖြစ်သည့် ငွေကျပ်သိန်း ၂၀၀၀ ချီးမြှင့်ပေးအပ်မည်ဟု ဩဂုတ် ၂၅ ရက်က ကြေညာခဲ့ကြောင်းသိရသည်။

ယခုနှစ်ဘောလုံးရာသီမြန်မာလိဂ်ပြိုင်ပွဲ(M League) တွင် ဆုကြေးငွေကို နှစ်ဆတိုးမြှင့်ပေးအပ်မည့်အပြင် ပြိုင်ပွဲဝင်အသင်းတိုင်းအတွက် ပြိုင်ပွဲဝင်ကြေးအဖြစ် ငွေကျပ်သိန်း ၁၂၀၀ စီ ပံ့ပိုးပေးအပ်မည်ဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ (M League) တွင် ပြိုင်ပွဲဝင်အသင်းတိုင်း ပံ့ပိုးငွေကျပ် သိန်း ၁၂၀၀ စီ ရရှိမည်ဖြစ်သော်လည်း အိမ်အကွင်းအဖြစ် လက်ခံကျင်းပနိုင်မည့်အသင်းများကို အပိုပံ့ပိုးငွေအဖြစ် ငွေကျပ်သိန်း ၈၀၀ ထပ်မံရရှိမည်ဖြစ်သည့်အတွက် အိမ်ကွင်းလက်ခံကျင်းပမည့်အသင်းများသည် ပံ့ပိုးငွေကျပ် စုစုပေါင်း သိန်း ၂၀၀၀ စီရရှိမည်ဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် မြန်မာနိုင်ငံရှိမြို့ကြီးငါးမြို့ဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူးမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ချန်ပီယံအသင်းအတွက် ငွေကျပ် သိန်း ၂၀၀၀၊ ဒုတိယဆုရအသင်းအတွက် ငွေကျပ်သိန်း ၁၅၀၀၊ တတိယဆုရအသင်းအတွက် ငွေကျပ်သိန်း ၁၀၀၀ ချီးမြှင့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

STA

# အာရှယူ- ၂၀ပြိုင်ပွဲ ခြေစစ်ပွဲအတွက် မဲခွဲမှုများအပြီး မြန်မာယူ- ၂၀အသင်း အုပ်စု(K)တွင်ကျရောက်

ရန်ကုန် ဩဂုတ် ၂၆

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲအတွက်ဩဂုတ် ၂၅ ရက်က မဲခွဲမှုအပြီးတွင် မြန်မာအသင်းသည် အုပ်စု (K)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၄၂ သင်းဖြင့် လေးသင်းပါ ကိုးအုပ်စုနှင့် သုံးသင်းပါ နှစ်အုပ်စုဖြင့်ခွဲခြား ကျင်းပမည်ဖြစ်သည်။

အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များကို အုပ်စုတစ်ခုတွင် အိမ်ရှင်နိုင်ငံတစ်နိုင်ငံက လက်ခံကျင်းပမည် ဖြစ်ကာ မြန်မာအသင်းပါဝင်သည့် အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အခြားအိမ်ရှင်နိုင်ငံများအဖြစ် ကာဂျစ်စတန်၊ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ဘာရိန်း၊ ကာတာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မွန်ဂိုလီးယား၊ ဘူတန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် မြန်မာယူ-၂၀ အသင်းသည် အုပ်စု(K)တွင် မော်လ်ဒိုက်အသင်း၊ ဘရူနိုင်းအသင်း၊ သီရိလင်္ကာအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အုပ်စုပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ONE Friday Fights 170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက်နှင့် စပိန်ဖိုက်တာ ဂွန်ဇာလက်တို့ တွဲဆိုင်းပါဝင်

ရန်ကုန် ဩဂုတ် ၂၆

ONE Championship အဖွဲ့ချုပ်က ယနေ့တွင် ကြေညာခဲ့သည့် ONE Friday Fights 170 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သွေးလင်းထက်နှင့် စပိန်ဖိုက်တာ ဂွန်ဇာလက်တို့ တွဲဆိုင်းပါဝင်ခဲ့ကြောင်း သိရသည်။

ONE Championship အဖွဲ့ချုပ်က အပတ်စဉ်သောကြာနေ့တိုင်းတွင် ONE Friday Fights အမည်ဖြင့် MMA ပြိုင်ပွဲများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Lumpinee Stadium တွင် ကျင်းပနေပြီး သွေးလင်းထက်နှင့် ဂွန်ဇာလက်တို့ တွဲဆိုင်းပါဝင်မည့် ONE Friday Fights 170 ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။




ONE Championship အဖွဲ့ချုပ်က နောက်ပိုင်းတွင် ONE Friday Fights ပြိုင်ပွဲကို အပိုင်းနှစ်ပိုင်း ခွဲခြားကျင်းပကာ ပထမပိုင်းအစီအစဉ်ကို Inner Circle အမျိုးအစားများဖြင့်ကျင်းပပြီး ဒုတိယပိုင်းအစီအစဉ်ကို မွေထိုင်းအမျိုးအစားဖြင့် ကျင်းပကာ သွေးလင်းထက်နှင့် ဂွန်ဇာလက်တို့ တွဲဆိုင်းသည် Inner Circle အမျိုးအစားတွင် ထိုးသတ်မည်ဖြစ်သည်။

ONE Friday Fights ပြိုင်ပွဲတွင် ဂွန်ဇာလက်သည် ၁၃ ပွဲ ထိုးသတ်ထားကာ ခုနစ်ပွဲနိုင်၊ ခြောက်ပွဲရှုံး ရလဒ်ရရှိထားပြီး သွေးလင်းထက်သည် ကိုးပွဲထိုးသတ်ထားကာ ငါးပွဲနိုင်၊ လေးပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

STA

## ဆွစ်ဇာလန်နိုင်ငံ ဝိုက်စ်ဟွန်ဒေသအနီးရှိ ရေခဲတောင်ပြိုကျသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်



**ဘန်း ဩဂုတ် ၂၆**

ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ဘက်ပိုင်း ဝိုက်စ်ဟွန်ဒေသအနီးရှိ ရေခဲတောင်ပြိုကျမှုဖြစ်ပေါ်ခဲ့သဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သည့်လူနေအိမ်များမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဆွစ်ဇာလန်အရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေခဲတောင်ပြိုကျမှုဖြစ်စဉ်သည် ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီမှ ၆ နာရီကြားတွင် စတင်ဖြစ်ပေါ်ခဲ့ပြီး ရေခဲတောင်ပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် အဓိကအကြောင်းရင်းကို စိစစ်နေဆဲဖြစ်ကြောင်း၊ ရေခဲတောင်ပြိုကျမှု အန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသည့် ကာလအတွင်း အနီးပတ်ဝန်းကျင်မှ ဒေသခံများအားလုံး နေရပ်ကို စွန့်ခွာရမည်ဖြစ်ပြီး အခြေအနေပေါ်မူတည်၍ နေရပ်သို့ပြန်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"ဝိုက်စ်ဟွန်ဒေသအနီးက ရေခဲတောင်ဟာ ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီနဲ့ ၆ နာရီကြားမှာ ပြိုကျမှုဖြစ်ပွားခဲ့ပါတယ်။ အနီးပတ်ဝန်းကျင်မှာ လူနေအိမ်တွေ ရှိနေတဲ့အတွက် အန္တရာယ်ရှိနိုင်လို့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားခဲ့ရပါတယ်။ ရေခဲတောင် အခြေအနေပေါ်မူတည်ပြီး နေရပ်ကိုပြန်ခွင့်ပြုသွားပါမယ်။ ရေခဲတောင်ပြိုကျမှု အခြေအနေကိုလဲ သုတေသီတွေ အချိန်ပြည့်စောင့်ကြည့်နေပြီး အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်" ဟု ဆွစ်ဇာလန် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## အမေရိကန်နိုင်ငံ ပါလိုပင်တိုကောင်တီတွင် လောင်နေသောတောမီး ထိန်းချုပ်ရခက်သဖြင့် အရေးပေါ်အခြေအနေ သတ်မှတ်

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ပါလိုပင်တိုကောင်တီတွင် လောင်ကျွမ်းနေသော တောမီး ထိန်းချုပ်ရခက်သဖြင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၅၀၀၀၀ ကျော်ထိ ပျက်စီးခဲ့ပြီး အနီးပတ်ဝန်းကျင်မှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ တောမီးသည် ပါလိုပင်တိုကောင်တီအပြင် တက္ကဆက်ပြည်နယ် မြောက်ဘက်ပိုင်းတစ်လျှောက် ကူးစက်လောင်ကျွမ်းနေသည့်အတွက် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လေကြောင်းအကူအညီကို တောင်းခံထားပြီးဖြစ်ကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပါလိုပင်တိုကောင်တီမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးဟာ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံကိုပါ ကူးစက်လောင်ကျွမ်းနေပါတယ်။ လူနေအိမ်တစ်လုံး တောမီး စတင်ကူးစက်လောင်ကျွမ်းနေပြီး ဒေသခံတချို့ကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ တောမီးဟာ တက္ကဆက်ပြည်နယ် မြောက်ဘက်ပိုင်းကို တောက်လျှောက် ကူးစက် လောင်ကျွမ်းနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လေကြောင်းအကူအညီလဲ တောင်းခံထားပါတယ်"ဟု အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## ကိုလံဘီယာနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုများ ပိုမိုပြင်းထန်လာပြီး တောမီး ၁၂ နေရာထိ ဆက်လက်လောင်ကျွမ်းနေ

**ဘိုဂိုတာ ဩဂုတ် ၂၆**

ကိုလံဘီယာနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုများ ပိုမိုပြင်းထန်လာပြီး လက်ရှိတွင် တောမီး ၁၂ နေရာထိ ဆက်လက်လောင်ကျွမ်းနေကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဩဂုတ်လ တတိယပတ်အတွင်း တောမီး ၈၄ နေရာလောင်ကျွမ်းခဲ့သည်ကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း လက်ရှိတောမီး ၁၂ နေရာထိ ဆက်လက်လောင်ကျွမ်းနေကြောင်း သိရသည်။

ကိုလိုမြို့နယ်သည် တောမီးဒဏ် အဆိုးရွားဆုံးခံနေရသည့် ဒေသများအနက် တစ်ခုဖြစ်ပြီး မြို့တော်ဝန် ဆန်တီယာဂိုဟာရဲရာက မီးငြိမ်းသတ်ရေးအတွက် လေကြောင်းအကူအညီ အရေးပေါ်လိုအပ်နေသဖြင့် အစိုးရထံ အကူအညီတောင်းခံထားကြောင်း၊ တောမီးသည် အပူချိန်မြင့်မား



ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မီးလောင်ကျွမ်းရာ နေရာများပြားခြင်းတို့ကြောင့် တောမီးကို အပြည့်အဝထိန်းချုပ်ရန် ခက်ခဲနေကြောင်း သိရသည်။

လက်ရှိတွင် တောမီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ခန့်က ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်နေသော်လည်း မီးလောင်ကျွမ်းရာနေရာများသို့ အမြန်ဆုံးရောက်ရှိနိုင်ရန် ရဟတ်ယာဉ်များ အရေးတကြီးလိုအပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## မလေးရှားနိုင်ငံရှိ ဒေသ ၃၂ ခုတွင် လေထုညစ်ညမ်းမှုမြင့်တက်နေ

**ကွာလာလမ်ပူ ဩဂုတ် ၂၆**

မလေးရှားနိုင်ငံရှိ ဒေသ ၃၂ ခုတွင် လေထုအရည်အသွေး ဆက်လက်ကျဆင်းနေပြီး လေထုညစ်ညမ်းမှု မြင့်တက်နေကြောင်း မလေးရှား လေထုညစ်ညမ်းမှု ညွှန်းကိန်း စီမံခန့်ခွဲမှုစနစ် (APIMS) ၏ ယနေ့အချက်အလက်များအရ သိရသည်။

ဒေသ ၃၂ ခုအနက် ဆာရာဝပ်ပြည်နယ်သည် လေထုညစ်ညမ်းမှု အဆိုးရွားဆုံး ဖြစ်ပေါ်နေသည့် ဒေသတစ်ခုဖြစ်ပြီး ဆီရီယန်မြို့တွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း (API) ၁၈၁ ထိ ရှိနေကြောင်း၊ ကူချင်းမြို့တွင် API ၁၆၅၊ ဆမာရာဟန်တွင် API ၁၅၈၊ ဆာရီကီးတွင် API ၁၅၂ နှင့် မူကာတွင် API ၁၀၁ ထိရှိကြောင်း သိရသည်။

လေထုညစ်ညမ်းမှု မြင့်တက်နေသည့် ဒေသများတွင် ဆီလန်ဂေါ၊ ကီဒါ၊ ပီနန်၊ နီဂရီဆမ်ဘီလန်၊ မလက္ကာနှင့် ဂျိုဟောပြည်နယ်တို့အပြင် အမျိုးသားမြို့တော် ကွာလာလမ်ပူနှင့် အုပ်ချုပ်ရေးမြို့တော် ပူထရာဂျာယာတို့လည်း ပါဝင်ကြောင်း မလေးရှားသဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူများ ဖြစ်ပေါ်လာရခြင်းသည် ပူပြင်းခြောက်သွေ့သည့် ရာသီဥတု၊ မိုးရွာသွန်းမှုနည်းပါးမှုတို့ကြောင့်ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေး ထိခိုက်နိုင်သဖြင့် ပြည်သူများ အနေဖြင့် ပြင်ပသို့သွားပါက မက်စ်များတပ်ကြရန်၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် နုလုံး၊ အဆုတ်ရောဂါရှိသူများအနေဖြင့် ပိုမိုဂရုစိုက်ရန် လိုအပ်သည်ဟု အာဏာပိုင်များက အကြံပြုထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## ဘူလ်ဂေးရီးယားနိုင်ငံ စထရူမြန်နီဒေသတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ဆိုဖီယာ ဩဂုတ် ၂၆**

ဘူလ်ဂေးရီးယားနိုင်ငံ စထရူမြန်နီဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း ဘူလ်ဂေးရီးယား အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် မိသားစု ခုနစ်စုဘေးလွတ်ရာ စတင်ရွှေ့ပြောင်းနေပြီး နေရာတချို့တွင် မြေပြိုကျမှုများပါ ဖြစ်ပေါ်နေကြောင်း၊ စထရူမြန်နီ ရေဘေးအန္တရာယ်ကို နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်း နေရသူများကိုလည်း ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် အခြေခံအဆောက်အအုံတချို့ပျက်စီးနေပြီး လမ်းမကြီးတချို့လည်း ပျက်စီးနေသဖြင့် လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း သိရသည်။

"စထရူမြန်နီဒေသမှာ မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်နေပါတယ်။ နေရာတချို့မှာ မြေပြိုကျနေပြီး လမ်းမကြီးတချို့လဲ ပျက်စီးနေတဲ့အတွက် လမ်းမကြီးတွေကို ယာယီပိတ်ထားရပါတယ်။ မိုးရေချိန်မြင့်တက်နေဆဲဖြစ်တဲ့အတွက် ရေကြီးရေလျှံမှု အခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ဒါကြောင့် ရေဘေးအန္တရာယ်ကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ လူနေအိမ်တွေ ပျက်စီးနေပေမဲ့ ဒေသခံတွေကို အချိန်မီဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်တဲ့အတွက် ဒဏ်ရာရရှိသူမရှိခဲ့ပါဘူး"ဟု ဘူလ်ဂေးရီးယား အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# သားမောင့်စိတ်ရင်း

မြင်းမူမောင်နိုင်မိုး

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ ဆောင်းပါး တစ်ပုဒ်တောင်းခံလာသည်။ ထို့ကြောင့် ထို ဆောင်းပါးအတွက် လေ့လာသင့်သည်များကို လေ့လာရင်း ကဗျာလေးတစ်ပုဒ်ကို အခြေခံရေးသားရန် အကြောင်းရပ်အဖြစ် ချရေးနေစဉ် သူငယ်ချင်း တစ်ဦးရောက်လာသဖြင့် ရေးလက်စစာရွက်နှင့် ဘောပင်ကို ခေတ္တချထားလိုက်၏။

သူငယ်ချင်းသည် စီးပွားရေးလုပ်ငန်း လုပ်ဆောင်သော ကုမ္ပဏီတစ်ခုတွင် လက်ထောက်မန်နေဂျာတာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။

"ဘယ်လိုလဲ သူငယ်ချင်း။ အလုပ်အကိုင်တွေ အဆင်ပြေရဲ့လား"

ကျွန်တော့်အမေးကို သူငယ်ချင်းက ချက်ချင်း မဖြေသေး။ ခပ်လှဲ့လှဲ့ပြုံးရင်း စားပွဲပေါ်ရှိ ရေနွေးကြမ်းခွက်ဘူးထဲမှ ရေနွေးတစ်ပန်းကန် ငှဲ့ယူကာ နှုတ်ခမ်းနှင့်ထိသည်ဆိုရုံလေးဆွတ်၏။ ပြီးတော့ ရေနွေးပန်းကန်ကို ပြန်၍ချထားသည်။

"အေးကွာ။ အဆင်မပြေဘူးတော့ မဟုတ်ပါဘူး။ အခုရက်ပိုင်းမှာပဲ စိတ်ညစ်စရာလေးတွေ ကြုံရတယ်"

ဤသို့အစချီကာ သူငယ်ချင်း၏ ရင်ဖွင့်စကားကို ကျွန်တော်နားထောင်ရပါသည်။

သူ၏ အထက်လူကြီးက ကိစ္စရပ်တစ်ခု၌ အထင်အမြင်လွဲ၍ အဆူခံရကြောင်း၊ အမှန်စင်စစ် ထိုကိစ္စ၌ သူ့တွင် အပြစ်မရှိကြောင်း၊ သို့သော်လည်း သူ့အထက်လူကြီးမှာ ရှင်းပြ၍လည်း လက်ခံမည့်သူမဟုတ်ကြောင်း၊ တစ်ခါတစ်ရံ၌ လူရှေ့သူရှေ့မရှောင် ငေါ့စကားနွှားရ ဆူတတ်ပူတတ်သဖြင့် ပြန်လည်း မပြောရဲကြောင်း၊ ထိုသို့သောအဖြစ်မျိုး မကြာမကြာ ကြုံရသဖြင့် စိတ်ဆင်းရဲကြောင်း စသည်ဖြင့် ပြောပြလေသည်။

"လူမှုဆက်ဆံရေးလောကနဲ့ မကင်းနိုင်သေးသမျှ ဒီလိုပဲကြုံရတတ်ပါတယ် သူငယ်ချင်းရယ်။ တစ်ခါတလေ ကိုယ်က စီမံခန့်ခွဲရသူဖြစ်ပြီး တစ်ခါတလေ ကိုယ်ကစီမံခန့်ခွဲခြင်းကို ခံရတဲ့သူဖြစ်တတ်ပါတယ်။ သည်းခံခြင်းတရားကို နှလုံးသွင်းပါ သူငယ်ချင်း။ တစ်နေ့နေ့တော့ သူငယ်ချင်းရဲ့ စေတနာကို သူ နားလည်လာပါလိမ့်မယ်။"

ကျွန်တော်သည် သူ့ကို ဤမျှသာ နှစ်သိမ့်နိုင်ပါ၏။ သူငယ်ချင်းများ ဖြစ်ကြသည့်အလျောက် ထွေရာလေးပါး ရောက်တတ်ရာရာ ပြောဆိုရင်း၊ ဟိုခေါင်းစဉ်ရောက်၊ သည်ခေါင်းစဉ်ရောက်ဖြင့် အတန်ကြာတော့ သူငယ်ချင်းလည်း ပြန်သွားခဲ့လေပြီ။

စားပွဲပေါ်တွင် ရေးလက်စ စာမူကို ဆက်၍ မရေးနိုင်သေးဘဲ ကျွန်တော့်မှာသာ တောင်စဉ်းစား မြောက်စဉ်းစားရင်း ကျန်ရစ်ခဲ့လေ၏။

ထို့ပြင် ငယ်နုစဉ်ကာလက ကြုံတွေ့ရသော အဖြစ်တစ်ခုကို ပြန်၍ မြင်ယောင်မိတော့၏။

လွန်ခဲ့သော ၃၅ နှစ်ကျော် ကာလကဖြစ်ပါ၏။ ကျွန်တော်သည် တိုင်းအဆင့် မြို့ကြီးတစ်မြို့တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ထိုစဉ်က ကျွန်တော်နှင့်အဆင့်တူ သူငယ်ချင်းတစ်ဦးနှင့်အတူ တစ်ဆောင်တည်း အတူနေထိုင်ရ၏။

ကျွန်တော်တို့ နှစ်ဦးသည် သက်တူရွယ်တူလည်း ဖြစ်၊ လုပ်ငန်းဌာနကလည်း တစ်ဌာနတည်းဖြစ်၍ တပူးတွဲတွဲ ရှိလှသည်။ သူ့အတွက် ဂျစ်ကားတစ်စီး၊ ကျွန်တော့်အတွက် ဂျစ်ကားတစ်စီး သီးသီးသန့်သန့် ရှိကြသော်လည်း အများအားဖြင့် နှစ်ယောက်ပေါင်း၍ ကားတစ်စီးကိုသာ အသုံးပြုကြ၏။

ကျွန်တော်တို့နှစ်ယောက်တွင် များစွာကွဲပြားခြားနားသော ဓလေ့စရိုက်များ မရှိကြသော်လည်း သူက ကျွန်တော့်ထက်ပို၍ အသောက်အစားကဲ၏။ အပေါင်းအသင်းလည်းများ၏။ စကားလည်း ကြွယ်လှ၏။ မိတ်ဆွေများက ဖိတ်ကြား၍ စားပွဲသောက်ပွဲများ မကြာခဏသွားရသော်လည်း ကျွန်တော့်မိတ်ဆွေထက် သူ့မိတ်ဆွေက ပို၍ များသည်။

တစ်ခါကတော့ ညှော်ခံပွဲတစ်ခုတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပါလာပြီး သူနှင့်အငြင်းအခုံဖြစ်ကြ၏။ တစ်ယောက်တစ်ခွန်းငြင်းခုံကြရာမှ သူ့လုပ်ငန်း ကိုယ့်လုပ်ငန်းကို ထိပါးပြောဆိုမိကြသည်။ ဤတွင် ကျွန်တော်နှင့် တစ်ဆောင်တည်းနေသူ သူငယ်ချင်းက ထိုပုဂ္ဂိုလ်၏ စိတ်နှလုံးကို ထိခိုက်စေအောင် နစ်နစ်နာနာပြောဆိုမိတော့၏။

**❖ လောကမှာ ဘာအဖြစ်ချင်ဆုံးလဲဟု တစ်စုံတစ်ယောက်က ကျွန်တော့်အား မေးလာငြားအံ့။ ကျွန်တော်အဖြစ်ချင်ဆုံးဆန္ဒမှာ မိကောင်းဖခင် သားသမီးဖြစ်သည်ဟူသော အသိအမှတ်ပြုခြင်း တစ်ရပ်ပင်ဖြစ်ပေသည်။ လူတချို့သည် မိမိတို့စိတ်အခန့်မသင့်သူ၊ စိတ်သဘောထားချင်း မတိုက်ဆိုင်သူ သို့တည်းမဟုတ် ရိုင်းရိုင်းပျပျပြောဆိုဆက်ဆံတတ်သူ၊ ဆိုဆုံးမရခက်ခဲသောသူတို့ကို "မိမဆုံးမ၊ ဖမဆုံးမသား"ဟူ၍ ပြောကြဆိုကြသည်ကို မြင်တွေ့ကြားသိရတိုင်းလည်း စိတ်မကောင်းဖြစ်ရသည်။ ❖**

ဖြစ်ချင်တော့ ထိုပုဂ္ဂိုလ်သည် ကျွန်တော်တို့၏ အထက်လူကြီးနှင့် လွန်စွာခင်မင်ရင်းနှီးသူဖြစ်နေလေတော့သည်။

နောက် နှစ်ရက်ခန့်အကြာ ကျွန်တော်နှင့်အတူနေ သူငယ်ချင်းသည် ညအိပ်ခရီးတစ်ခုကို သူတစ်ဦးတည်းတာဝန်အရ ထွက်ခွာသွားရ၏။ ထိုနေ့တွင်ပင် ကျွန်တော်တို့၏ အထက်လူကြီးက အစည်းအဝေးပြုလုပ်ရင်း ကျွန်တော့်ကို ရစရာမရှိအောင် ဆူပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဟိုတစ်နေ့ညညှော်ခံပွဲတွင် ကျွန်တော့်သူငယ်ချင်းနှင့် ပြဿနာဖြစ်ခဲ့သော ပုဂ္ဂိုလ်က ဖြစ်စဉ်အကုန်လုံးကို တစ်လုံးမကျန် တိုင်ကြားလိုက်သောကြောင့် ဖြစ်၏။

သူက တိုင်ကြားသည် ဆိုသော်လည်း ကျွန်တော့်နာမည်ကို လွဲမှားတိုင်ကြားလိုက်၏။ ကျွန်တော့်သူငယ်ချင်းနှင့် ကျွန်တော်က နာမည်ကလည်း ဆင်၊ ရုပ်ရည်သွင်ပြင်နှင့် ကိုယ်လုံးကိုယ်ထည်ကလည်း သိပ်မကွာခြား။ သည်တော့ ကျွန်တော့် အထက်လူကြီးသည် ထိုပြဿနာဖြစ်သူမှာ ကျွန်တော်ပဲဟု တစ်ထစ်ချယုံကြည်ယူဆကာ ကျွန်တော့်ကိုသာ ဆူပူလေတော့၏။ မိမိတို့၏ လုပ်ငန်းဌာန အရှိန်အဝါကိုပါ အသုံးပြု၍ ပြောဆိုခဲ့သောစကားများဖြစ်၍ အထက်လူကြီးဆူသည်ကတော့ ဆူသင့်သည်။

သို့သော်လည်း သူဆူရမည့်သူမှာ ကျွန်တော်မဟုတ်ဘဲ ကျွန်တော့်သူငယ်ချင်းပါဟု ကျွန်တော် တင်ပြ၍ သင့်ပါမည်လော။

အဲဒီနေ့ညက အဲဒီကိုသွားခဲ့သလား။ သွားခဲ့ပါတယ်။ အဲဒီလိုဖြစ်ကြတယ်ဆိုတာ ဟုတ်သလား။ ဟုတ်ပါတယ်။

"ခင်ဗျားဗျာ။ တော်တော်မိုက်မဲတဲ့လူပဲ။ အဲဒီပုဂ္ဂိုလ်က ခင်ဗျားနာမည်ကို ပြောပြပြီးတိုင်တယ်။ ခင်ဗျား ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေ"

ကဲ... ကျွန်တော်ဘာများတတ်နိုင်ဦးမည်နည်း။ လက်အောက်ငယ်သားတွေရှေ့မှာ ကျွန်တော်မဟုတ်ဘူးခင်ဗျ၊ အဲဒါဘယ်သူပါလို့ ပြန်ဖြေရှင်းရင် ရဲဘော်ရဲဘက်အချင်းချင်း ချောက်တွန်းရာ ရောက်လေမလား။ ထိုစဉ်က ဆုံးဖြတ်ချက်မှားခဲ့လေသလား။ မှန်ခဲ့လေသလား။ မသိတော့။

ဘာမှပြန်မပြောဘဲ ရေငုံနှုတ်ပိတ်သာ နေခဲ့မိလေသည်။ သို့သော်ရင်ထဲမှာ ခံစားနေရသည်ကတော့ နင့်နင့်နဲနဲရှိလှသည်။

အမေ့ကိုသာ တိုင်တည်ရတော့သည်။

အမေ့ဆုံးမစကားကိုသာ လိုက်နာရတော့သည်။

"သစ်နှစ်ပင်ကြား

ပေါက်သည့်ဝါး

အဖျား ခပ်ကိုင်းကိုင်း"

"အမိယုတ်သား ဖြစ်ပေငြား စကားခပ်ရိုင်းရိုင်း"

"ငါ့သား ရှေးအဆိုရှိပြီးသားပါ။ သူများရိုင်းပေမယ့် ကိုယ်က ဘယ်တော့မှ မရိုင်းလေနဲ့။ သတိတရားနဲ့ အမြဲထိန်းသိမ်းပါ"တဲ့။

အမေသည် ပညာသိပ်တတ်သော မိန်းမကြီး တစ်ယောက်မဟုတ်ပါ။ သို့သော် အမေ့နှုတ်က ကြမ်းတမ်းသောစကားကို ဆိုခဲ့လှသည်။

အမေက ရန်ဖြစ်တာမကြိုက်။ ငြင်းခုံတာ မကြိုက်။ ငယ်ငယ်တုန်းက သူတစ်ပါးနှင့် ရန်ဖြစ်လာလျှင် မိမိက မှားမှားမှန်မှန် အရိုက်ခံရသည်သာ။ မိမိကမှားခဲ့လျှင် ပို၍ရိုက်လေတော့သည်။

လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"တဲ့။

ကျောင်းကအပြန်မှာ ခဲဖျက်လေးတွေ၊ ခဲတံလေးတွေ၊ ကွန်ပါဘူးထဲမှာ အပိုတွေ့လျှင် သို့မဟုတ် အမေဝယ်ပေးတာထက် ပိုပြီးများနေလျှင် ဘယ်သူ့ဟာလဲ၊ ဘယ်လိုဖြစ်လို့ မှားပါလာတာလဲ၊ နောက်တစ်နေ့ပြန်ပေးလိုက် စသည်ဖြင့် ဆုံးမသွန်သင်တတ်လေသည်။ သူတစ်ပါးပစ္စည်းကို ခိုးဖို့ဝှက်ဖို့ မဆိုထားနှင့်၊ မှားပြီးပါလာတာတောင် အမေမနှစ်သက်။

"မှတ်ထား ငါ့သား။ တတ်နိုင်ရင် သူများကို ကိုယ်ကပဲ ပေးကမ်းလိုက်။ မတတ်နိုင်ရင်နေ။ ကိုယ်က သူများပစ္စည်းကို ရယူလိုမှုနဲ့ မတောင်းရဘူး။ မယူရဘူး။ ပြီးတော့ ပေးတိုင်းလည်းမယူနဲ့။ ကျွေးတိုင်းလည်း မစားနဲ့"။

လောကမှာ ဘာအဖြစ်ချင်ဆုံးလဲဟု တစ်စုံတစ်ယောက်က ကျွန်တော့်အား မေးလာငြားအံ့။ ကျွန်တော်အဖြစ်ချင်ဆုံးဆန္ဒမှာ မိကောင်းဖခင် သားသမီးဖြစ်သည်ဟူသော အသိအမှတ်ပြုခြင်း တစ်ရပ်ပင်ဖြစ်ပေသည်။ လူတချို့သည် မိမိတို့စိတ်အခန့်မသင့်သူ၊ စိတ်သဘောထားချင်း မတိုက်ဆိုင်သူ သို့တည်းမဟုတ် ရိုင်းရိုင်းပျပျပြောဆိုဆက်ဆံတတ်သူ၊ ဆိုဆုံးမရခက်ခဲသောသူတို့ကို "မိမဆုံးမ၊ ဖမဆုံးမသား"ဟူ၍ ပြောကြဆိုကြသည်ကို မြင်တွေ့ကြားသိရတိုင်းလည်း စိတ်မကောင်း ဖြစ်ရသည်။

တစ်ခါတုန်းက ဖြစ်ပါသည်။

ဤဆောင်းပါးတွင် ဖော်ပြထားသည့် ဖြစ်စဉ်အတိုင်း၊ အဆိုပါ တိုင်းမြို့ကြီးတွင် ဖြစ်သည်။ ကျွန်တော်တို့ဌာနတွင် နိုင်ငံရပ်ခြားမှာ သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ပြီး ပြန်လာသည့် ကျွန်တော်တို့ထက် ရာထူးငယ်သည့် ဝန်ထမ်းတစ်ယောက်ရှိသည်။ သူ့အမည်က ဦးရွှေကို ဆိုပါတော့။ နိုင်ငံရပ်ခြားမှ ပြန်လာကာစဖြစ်၍ သူတာဝန်ထမ်းဆောင်ခဲ့သော နိုင်ငံအကြောင်းပြောရမည်ဆိုလျှင် သူကအားပါးတရ စိတ်ဝင်စားစွာ ပြောဆိုသည်။ သူ့အတွေ့အကြုံတွေကလည်း နားထောင်လို့ကောင်းသည်။ ဗဟုသုတရသည်။

ကျွန်တော်နှင့်အတူနေ သူငယ်ချင်းက သူ့ကို ကျီစယ်လိုသည့်သဘောဖြင့် "ကဲ့...ဒီနေ့လည်း နိုင်ငံခြားက ဘယ်အကြောင်းကို ဘယ်လိုရှုထောင့်က ပို့ချမှာလဲ နိုင်ငံခြားပြန်ကြီးရဲ့"ဟု ပြောလိုက်သည်။ ဦးရွှေကို မျက်နှာရဲကနဲဖြစ်သွားသည်။ သို့သော် သူသည် လူယဉ်ကျေးတစ်ယောက်ဖြစ်သည်။ စကားကို လွန်ကျွံအောင်မပြော။ ကျွန်တော်တို့ကိုလည်း သူ့ထက်ငယ်မှန်းသိပါလျက် "အစ်ကိုတို့၊ အစ်ကိုတို့" ဟု ခေါ်ပြောဆက်ဆံတတ်သည်။ သူ ပြန်ဖြေပုံက

"ကျွန်တော့်မှာ အစ်ကို့ကို ပြန်ပြီး ပြောစရာ စကားအဆင်သင့်ရှိပါတယ်။ ဒါပေမယ့် မပြောတော့ပါဘူး"တဲ့။

ကောင်းလိုက်သည့်စကားလုံးပါ။ ပြန်လည်တုံ့ပြန်စရာစကား အဆင်သင့်ရှိပါလျက် မျိုချလိုက်သောအဖြစ်များကို လူအများစုပင် ကြုံတွေ့ဖူးကြမည်ထင်သည်။

လောကတွင် ကိုယ်ကကောင်းပါလျက် ခေါင်းရွှေ့သည့်အဖြစ်များ၊ ကိုယ်က စိတ်ရောကိုယ်ပါ ကူညီလုပ်ကိုင်ပေးနေပါလျက် သံသယအတွေး သံသယအမြင်ဖြင့်မြင်ကာ ထိကပါးရိကပါး ပြုမူပြောဆိုတတ်သူများ၊ လူ့စည်းဘီလူးစည်း၊ သူ့စည်းကိုယ့်စည်းဟူ၍ ရှိပါသော်ငြား စည်းကျော်စည်းဖောက်၍ စည်းပျောက်နေသူများ၊ ထိုသူများနှင့် မလွဲမကင်းသာ ပတ်သက်ဆက်နွှယ်ရတိုင်း ပြောစရာစကားကတော့ ရင်ထဲမှာ အဆင်သင့်ရှိသည်သာ။

သို့ပါသော်ငြား လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းတည်းဟူသော အကြောင်းကြီးသုံးပါးနှင့် မကင်းမကွာ ရပ်တည်နေရသော လောကသားတစ်ဦးဖြစ်ရကား ပြောချင်တိုင်းလည်း မပြောသာ။ ဆိုချင်တိုင်းလည်း မဆိုသာ။

မျိုချလိုက်ရသည်သာတည်း။ လွန်ခဲ့သော ၃၅ နှစ်ကျော်က လူချင်းမှားကာ ပြင်းထန်စွာဆူပူခြင်းခံရစဉ်ကလည်း ကျွန်တော်သည် မျိုချခဲ့သည်သာတည်း။

ယင်းသို့ မျိုချလိုက်ရသည်ဆိုသော်ငြား ကဗျာဆရာ၏ နှလုံးသားကား ထိုသို့လိုက်နာခြင်း မပြုနိုင်ပေ။

မြေကြီးသည် မာကျော၏။ ခက်ထန်၏။ ကျယ်ပြန့်၏။

မှိုပွင့်သည် နူးညံ့၏။ သိမ်မွေ့၏။ သေးငယ်၏။

နူးညံ့သောမှိုပွင့်သည် မာကျောသောမြေကြီးကို ထွင်းဖောက်နိုင်စွမ်းရှိလေသည်။ လောက၏မြင်နိုင်ခဲ သိနိုင်ခဲသောသိမ်မွေ့သည့် အင်အားသဘောများပင် ဖြစ်သည်ဟု ဆိုသော်ရနိုင်လေမည်လား။

စာမျက်နှာ ၁၁ သို့ ➤

# Scene 23 Film Production က ရိုက်ကူးထုတ်လုပ်မည့် အဖြူရောင်တွေစွန်းပေနေတဲ့နာရီ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲပြုလုပ်



ရန်ကုန် ဩဂုတ် ၂၆

Scene 23 Film Production က ရိုက်ကူးထုတ်လုပ်မည့် အဖြူရောင်တွေစွန်းပေနေတဲ့နာရီ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖြူရောင်တွေစွန်းပေနေတဲ့နာရီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ခွန်ညီသွေးက ရေးသားထားပြီး အေးသီရိကိုက ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN)က Scene 23 Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"အဖြူရောင်တွေ စွန်းပေနေတဲ့နာရီ ရုပ်ရှင်ဇာတ်ကားမှာ သိပ်မတွဲဖူးသေးတဲ့ အတွဲလေးပေါ့။ ပရိသတ်အမြင်တော့ ဆန်းမှာပါ။ ကောင်မလေးနာမည် ဇာတ်ကောင်ကာရိုက်တာက ဖွန့်ပါ။ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းတယ်။ ဖွန့်ဆိုတဲ့ ကောင်မလေးက ရင်ဘတ်ထဲမှာ လေးနက်တဲ့ အဓိပ္ပာယ်တွေရှိတယ်။ အချစ်တွေလဲရှိတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်မည့် သရုပ်ဆောင်ခြူးလေးက ပြောပြသည်။

အဆိုပါ အဖြူရောင်တွေစွန်းပေနေတဲ့နာရီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ရာဇာနာဇို၊ ခြူးလေး၊ မီကိုခန့်၊ သွန်းကြယ်စင်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# မုန်းမာန်ငြိုး ရုပ်သံဇာတ်လမ်းတွဲကို Mahar Application နှင့် Mahar TV တို့မှ ထုတ်လွှင့်သွားမည်

ရန်ကုန် ဩဂုတ် ၂၆

မုန်းမာန်ငြိုး ရုပ်သံဇာတ်လမ်းတွဲကို Mahar Application နှင့် Mahar TV တို့မှ စက်တင်ဘာ ၂ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင်ဝင့်ယမုံနိုင်ထံမှ သိရသည်။

အဆိုပါ မုန်းမာန်ငြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမလွန်းထားထား၏ ထင်ရှားသည့် လုံးချင်းဝတ္ထုဖြစ်ပြီး မယ်ခိုင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"အချစ်ဦးနဲ့ ဝေးကွာခဲ့ရပြီး မိဘသဘောတူတဲ့သူနဲ့ လက်ထပ်ခဲ့ရတဲ့အိမ်ထောင်ရေးမှာ နာကျင်မှုများစွာနဲ့ နေထိုင်ခဲ့ရသူ၊ သမီးဖြစ်သူရဲ့အနာဂတ်နဲ့ မိသားစုကို ကာကွယ်ဖို့အတွက် တစ်ယောက်တည်း ရုန်းကန်နေရသူ သစ္စာရဲ့ရိုရိုအဖြစ် ဒီဇာတ်လမ်းတွဲမှာ ပါဝင်ထားပါတယ်။ မရည်ရွယ်ဘဲတိုးဝင်လာတဲ့ သံယောဇဉ်နဲ့အတူ ရောက်ရှိလာတဲ့ ကလေ့စားချေချင်စိတ်တွေ၊ ကျိန်စာတစ်ခုလို စွဲကပ်နေတဲ့ ကတိသစ္စာတွေကြားမှာ ဘယ်သူက အချစ်အတွက် သစ္စာရှိခဲ့ပြီး ဘယ်သူက အတ္တတွေနဲ့ သစ္စာဖောက်ခဲ့လဲဆိုတာ ဒီဇာတ်လမ်းတွဲမှာမြင်ရမှာပါ"ဟု သရုပ်ဆောင်ဝင့်ယမုံနိုင်က ပြောပြသည်။




အဆိုပါ မုန်းမာန်ငြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရန်အောင်၊ အောင်ရေချမ်း၊ ညီထွဋ်ခေါင်၊ မင်းတော်ဝင်၊ ဝင်းခန့်မိုး၊ ထူးနိုင်လင်း၊ တာတာ၊ ဆင်မ၊ ဝင့်ယမုံနိုင်၊ သံသာညီ၊ အေးသီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

စာမျက်နှာ ၁၀ မှအဆက်

အမေ သို့မဟုတ် မိခင်၏အဆုံးအမဖြင့် ကြီးပြင်းလာခဲ့ရသော ကျွန်တော့်နှလုံးသားမှ ကဗျာတစ်ပုဒ်ဖြစ်ပေါ်လာခဲ့သည်။ ထိုကဗျာကို ၁၉၈၃ ခုနှစ်၊ မတ်လထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

**သားမောင့်စိတ်ရင်း**

- လူထဲသူထဲ၊ သူဆူဆဲ၍
မာန်မဲနှိမ့်ချ၊ ခံပြင်းလှလည်း
ဘမျိုးဘိုးတူ၊ ရန့်ရင်းသူဟု
ပြုစုရှာရပ်၊ ထင်ပညတ်နှင့်
ပုတ်ခတ်မည်ကြောင့်၊
ဒေါသစောင့်သည်
သားမောင့်စိတ်ရင်းပါ အမေ။
- ပန်းကို တွေ့လျှင်၊ မွေးကြူချင်၍
ရေစင်ဆိုက၊ သောက်လိုလှလည်း
ဆန္ဒထိပ်ရွက်၊ အဆိပ်တက်ကာ
ရမ္မက်ပြမ်းသူ၊ သော့သွမ်းသူဟု
ပြုစုရှာရပ်၊ ထင်ပညတ်နှင့်
မှတ်မှားမည်ကြောင့်၊ လောဘစောင့်သည်
သားမောင့်စိတ်ရင်းပါ အမေ။
- လောဘဒေါသ၊ မာန်မာနကို
ရွေးမျှမထုတ်၊ ယိုယို့ကုပ်လျက်
ပခြုပ်တွင်းမြွေ၊ ပမာနေလည်း
ဌာနေရပ်ရွာ၊ ကျူးကျော်လာ၍
လောင်စာရန်ငြိုး၊ သူတို့ပျိုးက
အမျိုးသားမာန်၊ ဇာတိမာန်ဖြင့်
တုံ့ပြန်ဖြိုခွင်း၊ သတ္တိသွင်းကာ
မာန်တင်းဖက်ပြိုင်၊ ရန်ချင်းဆိုင်သော်
သူ့နိုင်ငံသား၊ သံမှုန့်စားမှ
တို့ဓားတုံးမည်၊ မှတ်တော်တည်လေ
အနီရောင်သွေး၊ ငါတို့သွေးဟု
ဆိုရေးကြုံရှိ၊ ဆိုချေဘိလည်း
ဖမိကောင်းသား၊ ပီသောအားဖြင့်
တရားမထောင့်၊ စကားစောင့်သည်
သားမောင့်စိတ်ရင်းပါ အမေ။ ။

# Pumping Black ဇာတ်ကား၌ လူးကပ်ဂက်နှင့် အဲလက်အက်ပိုဘွန်းတို့ ပါဝင်မည်

နယူးယောက် ဩဂုတ် ၂၆

Pumping Black အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသား လူးကပ်ဂက်နှင့် အဲလက်အက်ပိုဘွန်းတို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

Pumping Black ဇာတ်ကားတွင် မင်းသားလူးကပ်ဂက်နှင့် အဲလက်အက်ပိုဘွန်း တို့သည် မင်းသား ဂျိုနာသန်ဘီလီ၊ မင်းသမီး နာတာလီပို့မင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Pumping Black ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မီမီကေ က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Pumping Black ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို အမျိုးသမီး ဇာတ်ညွှန်းရေးဆရာ ဟာလေဟုတ်ဘာတယ်က ရေးသားပေးထားသည်။

Pumping Black ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်ဆောင်းရာသီအတွင်း စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# Running ဇာတ်ကား၌ မင်းသမီး တီယိုနာပါးရစ် ပါဝင်လာ

နယူးယောက် ဩဂုတ် ၂၆

Apple Original Films ရုပ်ရှင်ကုမ္ပဏီ၏ Running ဇာတ်ကား၌ မင်းသမီး တီယိုနာပါးရစ် ပါဝင်လာကြောင်း ဩဂုတ် ၂၅ ရက် သတင်းများအရ သိရသည်။

Running ဇာတ်ကားတွင် မင်းသမီး တီယိုနာပါးရစ်သည် မင်းသား စပိုက်ဖန်း၊ ဘရိုင်ယန်တိုင်ရီဟင်နရီ၊ မင်းသမီး ရီအာဆီးဟွန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Running ဇာတ်ကားသည် အိုးမဲ့အိမ်မဲ့ အပြေးသမားလူငယ်တစ်ဦး မိသားစုရှာပုံတော်ဖွင့်ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဒရာမာဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Running ဇာတ်ကားကို ဒါရိုက်တာ ဂါဗင်းအိုကွန်နာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘီဒူဘူကေးက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

မင်းသမီး တီယိုနာပါးရစ် နောက်ဆုံးပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားမှာ Match Box ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကား၌ မင်းသား ဂျွန်စီနာနှင့်အတူ သရုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# Minister of Foreign Affairs of SRV calls on President of the Republic of the Union of Myanmar U Min Aung Hlaing


President U Min Aung Hlaing receives Minister of Foreign Affairs of the Socialist Republic of Vietnam H.E. Le Hoai Trung.

**Nay Pyi Taw August 26**

A delegation led by Minister of Foreign Affairs of the Socialist Republic of Vietnam H.E. Le Hoai Trung paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

Also present at the meeting were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe and officials. The Vietnamese Minister of Foreign Affairs was accompanied by Vietnamese Ambassador to Myanmar H.E. Mr. Nguyen Anh Duc, Director-General of ASEAN Affairs, Southeast Asia, South Asia and South Pacific Department H.E. Mr. Nguyen Tat Thant and officials.

At the meeting, the President expressed his pleasure for the visit of the Minister of Foreign Affairs of Vietnam and the high-level delegation to Myanmar while the Myanmar government is serving the State responsibilities. Myanmar and Vietnam have enjoyed long-standing diplomatic relations, and they surpassed the 50th anniversary of diplomatic ties in 2025. Both nations share many religious and cultural similarities, as well as shared histories in their struggles for independence. Likewise, friendship and cooperation between the leaders of both nations have progressively flourished across successive eras, alongside strong defence cooperation. The goodwill visit of the Vietnamese Foreign Affairs Minister to Myanmar will further advance and consolidate the friendship and cooperation between the two countries.

The Vietnamese Foreign Affairs Minister stated that he was delighted by the warm and hearty welcome extended to his delegation. He explained the purpose of his visit that he has come to pay this courtesy call upon being assigned by Mr. To Lam, President of Vietnam and General Secretary of the Communist Party of Vietnam, to convey an official invitation for Your Excellency the President to pay an official goodwill visit to Vietnam, and to express that your forthcoming visit will be warmly and gladly welcomed. He was delighted that Myanmar is his first overseas destination since taking office as Foreign Minister. Throughout our shared history, the leaders of both nations have built bonds of friendship, which continue to remain strong and steadfast to this day. During Your Excellency the President's upcoming official goodwill visit to Vietnam, based on the solid friendship fostered over many years, he expressed his firm belief that the two countries will be able to open a new chapter and a new era for their mutual interests by further strengthening and advancing friendship and cooperation. Vietnam values Myanmar's sovereignty, territorial integrity, and right to self-determination. He stated that Your Excellency can rely on Vietnam as a trustworthy and reliable partner nation.

The President of Myanmar and the Vietnamese Minister of Foreign Affairs frankly discussed the further strengthening of existing friendship and relations as well as cooperation between the two countries, promotion of friendly relations and cooperation between governments, parliaments, armed forces and people between the two countries, prospects to expand new business areas and bilateral trade, cooperation and investment of both countries, the best efforts of Myanmar in cooperation with ASEAN, endeavours to enhance international relations, plans of Myanmar to attend the Cambodia, Laos, Myanmar and Vietnam Summit (CLMV Summit) and the Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit to be held in Vietnam, mutual support between Myanmar and Vietnam on the international stage, and standing as good friends and trustful and reliable comprehensive partners.

After the meeting, the President and the Vietnamese Minister of Foreign Affairs posed for documentary photos and cordially greeted each other. MNA

# Vice President U Nyo Saw receives Saudi Arabian Ambassador to Myanmar H.E. Mr. Maziad Mohammed Maziad M. Alhowishan

**Nay Pyi Taw August 26**

Vice President U Nyo Saw received Saudi Arabian Ambassador to Myanmar H.E. Mr. Maziad Mohammed Maziad M. Alhowishan at the Presidential Palace Diplomatic Reception Hall in Nay Pyi Taw this afternoon.

During the meeting, they warmly and openly exchanged views on the successful holding of the free and fair 2025 Multiparty Democracy General Election, Myanmar's progress, international relations, peace efforts, economic developments, sector-wide development initiatives, and the enhancement of bilateral relations, investment, trade, agriculture, livestock, and multi-sectoral cooperation between Myanmar and Saudi Arabia.

The meeting was attended by the Vice President alongside Deputy Minister for the Office of the President U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and officials, while the Saudi Arabian Ambassador was accompanied by officials from the Embassy of Saudi Arabia. MNA


Vice President U Nyo Saw receives Saudi Arabian Ambassador to Myanmar H.E. Mr. Maziad Mohammed Maziad M. Alhowishan.

# Iran's president says U.S. to achieve nothing through economic pressure

**Tehran August 26**

Iranian President Masoud Pezeshkian said on Wednesday that the United States will not achieve anything through its economic pressure against Iran.

He made the remarks at a meeting in the capital Tehran to discuss the latest situation of Iran's major monetary, foreign currency and financial indices. Iran's Minister of Economic Affairs and Finance Seyed Ali Madanizadeh, Central Bank Governor Abdolnaser Hemmati and a group of prominent economists attended the meeting, according to a statement published on the website of his office.

Pezeshkian said that although Iran seeks to resolve issues through engagement and negotiation, it will, at the same time, stand firm against economic pressure, as it has so far.

He expressed confidence that the United States will not achieve anything through its economic pressure at this stage, citing preparations made by his administration's economic sectors. He said this would be similar to the (40-day) war, when the Iranian armed forces and people prevented it from attaining its objectives with their bravery and support.

Earlier this month, U.S. President Donald Trump announced "the most crushing economic operation ever taken" against any country providing a lifeline to Iran.

Xinhua

# 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions open

## Commander-in-Chief of Defence Services General Ye Win Oo delivers address



General Ye Win Oo delivers an address at the opening of the 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions.



General Ye Win Oo cordially greets the panel of artist-judges.

**Nay Pyi Taw August 26**

The 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) was inaugurated in Hsinnyushin Hall, Transit Centre, Nay Pyi Taw this morning, attended by Commander-in-Chief of Defence Services General Ye Win Oo. The Competitions were held with the aim to preserve and protect Myanmar traditional cultural performing arts continuously, to vitalize patriotism based on nationalistic fervour and national pride in the hearts of every citizen through fine arts, and to properly and systematically develop the artistic qualities of the soldiers to become new generation experts by acquiring genuine artistic heritages from veteran and seasoned artists and senior technicians.

Also present at the ceremony together with the Commander-in-Chief of Defence Services were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, union ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, judges, who are veteran and seasoned artists and senior technicians, invited guests and soldier contestants.

Chairman of the Morale and Public Relations Committee Adjutant-General Lt-Gen Zaw Hein and Director of DPRPW Maj-Gen Ye Yint Aung formally inaugurated the Competitions.

In his speech, General Ye Win Oo said the objectives of the intra DPRPW Competitions are to further raise the artistic skills of servicemen and servicewomen of the units under the command of DPRPW, to preserve Anyeint and promote its standard, to enable genuine Myanmar performing arts to stand with dignity, to enhance the quality of the art of Anyeint and Myanmar orchestra, to achieve greater success in shouldering the primary duties and goals of DPRPW, which are, to inform, to educate and to entertain and to enhance the artistic skills that vitalize patriotism. Literature, music and fine arts can soften and refine people's minds, and also awakens patriotic spirit and nationalistic fervour. In Myanmar history, Ngasishin Kyaw Swa composed a martial song by himself and the soldiers, holding shields, swords and spears sang the song and danced in chorus.

During the independence struggle, many patriotic songs appeared together with the Myanmar people's hope for independence. The power of the performing arts reawakened the national spirit of the entire Myanmar population, leading to the retrieval of independence.

Mobile public relations units, broadcasting units, Myawady TV units and newspaper units under the DPRPW are the ones that are interacting directly or indirectly with the people. In other words, they are the bridges between the Tatmadaw and people. Hence, they must strive to vitalize patriotism of the entire nationalities with their skilled branch of the performing arts.

The three tasks – to inform, to educate and to entertain – are the primary goals and duties of the units of DPRPW. To be able to perform the duties well, first, members of the units must have good psychological foundations such as innate nature, passion, and talent. From that stage, they must enter their chosen artistic field, whether it be literature, music, or the performing arts. In this way the task of public relations and psychological warfare, which is essential for the nation and the Tatmadaw, will become more effective.

The Commander-in-Chief of Defence Services has underscored that national culture is an ancestral heritage that must be cherished and preserved as being equivalent to life itself for all indigenous ethnic groups of the country. He emphasized that safeguarding Myanmar's fine arts—which have been possessed alongside independence since the dawn of ethnic histories—constitutes a profound act of protecting the nation's cultural heritage. He called for a deep and earnest understanding of this responsibility among all.

The Commander-in-Chief further urged that current generations must collectively strive to instill in future generations a lasting appreciation for Myanmar's traditional cultural heritage, fostering a spirit of love, care, and preservation. He stressed the importance of passing down these positive values as a legacy, encouraging all to nurture a mindset that treasures Myanmar's cultural heritage.

He noted that participants in cultural competitions should look beyond mere performance and recognition, and instead embrace the deeper awareness of safeguarding Myanmar's traditional heritage and elevating the artistic character and discipline of service personnel. He called for unwavering perseverance and commitment in their endeavors.

Drawing a parallel to the exemplary public relations and morale operations of past soldiers who left their mark on history, the Commander-in-Chief urged new-generation troops to strive to uphold the distinctive artistic qualities of the armed forces, ensuring that the military's honor is continuously elevated and preserved.

Following the address, the Commander-in-Chief and attendees enjoyed performances—including musical renditions, vocal pieces, and dances presented by male and female soldiers from units under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army).

After the ceremony, the Commander-in-Chief and party cordially greeted and exchanged pleasantries with the panel of esteemed artist-judges, as well as the participating servicemen and servicewomen.

The competitions, organized under the DPRPW, feature a wide array of artistic categories—including vocals, dance, literary, instrumental, traditional theatrical performance, stage plays, and magic competitions involving male and female soldiers from subordinate units. Events include oldies, modern and contemporary songs; traditional stage performances; dance contests; Myanmar traditional orchestra (Hsaing) competitions; traditional Yein (group dance) and duet dances; plays; modern bands; magic shows; and literary contests. The competitions are scheduled to run from August 26 to September 1. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns apprehend 3 online fraud and gambling perpetrators along with operational equipment in Mongyai Township, Shan State (North)



**Three Chinese nationals arrested for committing online fraud and gambling offenses in Mongyai Township, Northern Shan State.**



**Operational accessories and equipment seized in Mongyai Township, Northern Shan State, used in committing online fraud and gambling offenses.**



**Residential huts and operational tents used in online fraud and gambling operations.**

**Nay Pyi Taw August 26**

As online fraud and online gambling syndicates pose a growing threat to global socio-economic stability and national security, the Government has been actively undertaking eradication efforts as a national duty. In addition to effectively investigating and combating operations based primarily in border areas, rigorous arrests and legal actions are also being taken against perpetrators operating domestically. Amid these heightened efforts, Tatmadaw columns have uncovered and apprehended three perpetrators engaged in online fraud and gambling, along with their operational equipment, in Mongyai Township, Northern Shan State.

Acting on tip-offs from responsible local residents reporting that online scam and gambling operators were basing their activities in makeshift temporary huts within Mongyai Township, Tatmadaw columns tracked actionable leads and conducted area clearance operations. This morning, approximately 26,000 meters southeast of Mongyai and 5,000 meters south of Manhpai village, security forces arrested three Chinese men who had entered Myanmar illegally and were operating online scam and gambling activities. During the operation, security forces seized a 50 ft by 20 ft building constructed with bamboo-mat walls and a corrugated tin roof, five temporary canvas tents of varying sizes (20 ft by 10 ft, 10 ft by 15 ft, 15 ft by 10 ft, 20 ft by 15 ft, and 20 ft by 20 ft), 25 assorted mobile phones, five all-in-one computers, two power stations, one Starlink satellite internet device, 10 walkie-talkies, and other related operational accessories.

Following necessary interrogations and investigations, strict legal action will be taken against the arrested perpetrators in accordance with existing laws, and the seized equipment will be processed according to established procedures. Furthermore, the illegally constructed residential and operational huts will be systematically dismantled and destroyed. Authorities have reaffirmed that eradication operations will continue actively with sustained momentum to prevent the establishment of such operations and eliminate online scam and gambling rings completely. 100

# Kyunhla Township to plant more than 11,000 acres of black gram in coming cold season

**Kyunhla August 26**

Local authorities set a plan to grow more than 11,000 acres of black gram as cold season crops in Kyunhla Township of Sagaing Region this year, according to the township Agriculture Department.

In the upcoming 2026-2027 winter crop planting season, Kyunhla Township has targeted the cultivation of 11,732 acres of black gram, with planting scheduled to take place from October to December.

"For this upcoming winter cropping season, we have targeted over 11,000 acres of black gram in Kyunhla Township. We will work to ensure that the designated cultivation targets are met. During the planting period, we will also conduct on-the-ground field operations to provide necessary agricultural techniques, quality seeds, and pest and disease prevention methods," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

To support black gram farmers in Kyunhla Township, the Township Department of Agriculture will provide agricultural awareness on obtaining high-quality and pure seeds suited to the local region, proper planting techniques, pest control, systematic fertilizer application, and boosting crop yields.

During this year's monsoon crop season, the relevant Township Department of Agriculture has also been collaborating with farmers to provide certified quality seeds, inputs, and post-harvest technology to improve the yield and quality of various pulse crops. 206

# Pwintbyu Township to grow more than 15,000 acres of winter sesame this year

**Pwintbyu August 26**

According to the township Agriculture Department, local authorities in Pwintbyu Township of Magway Region earmarked cultivation of sesame on 15,479 acres of croplands in coming cold season this year.

In Pwintbyu Township, plans have been set to cultivate 15,479 acres of sesame during this year's winter crop planting season. Planting is scheduled to begin in October to meet the targeted cultivation acreage.

"For this year's winter crop season, we have targeted planting over 15,000 acres of sesame in Pwintbyu Township. We will support local farmers so they can reach the designated cultivation targets. We are also collaborating with relevant departments to expand acreage and cultivate high-yielding sesame varieties," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During the upcoming winter cropping season, the Township Department of Agriculture will carry out agricultural awareness activities for farmers growing oilseed crops, including sesame. These initiatives will cover achieving targeted acreages, boosting crop yields, pest and disease prevention, Good Agricultural Practices (GAP), and the use of certified quality seeds.

Daw Moe Moe Wai added that increasing sesame yields will not only ensure local edible oil self-sufficiency, but the surplus can also be sold to generate income and enhance socio-economic livelihoods. Therefore, concerted efforts should be made across regions to expand the cultivation of oilseed crops like sesame.

Ye Win Naing (NyaungU)

# Mingin Township to cultivate more than 7,000 acres of maize and sweet corns

**Mingin August 26**

According to the statistics from Mingin Township Department of Agriculture, local authorities earmarked cultivation of more than 7,000 acres of maize and sweet corns in Mingin Township of Sagaing Region this year.

In the 2026-2027 winter crop planting season, Mingin Township has targeted a total of 7,400 acres for corn cultivation—comprising 1,145 acres of maize and 6,255 acres of sweet corn. Planting is scheduled to take place from October to December this year.

"For the upcoming winter cropping season, we have planned over 7,000 acres of maize and sweet corn in Mingin Township. To ensure successful crop production, we will carry out educational activities and provide awareness on pest and disease prevention," said U Shan Oak Keim, Officer of the Mingin Township Department of Agriculture.

This year, the Mingin Township Department of Agriculture will provide agricultural education to local maize and sweet corn farmers by organizing training sessions, conducting field demonstrations, and raising awareness about Fall Armyworm prevention and Integrated Pest Management (IPM)—including the use of neem-based biopesticides and natural remedies made from ginger and chilli.

In Mingin Township, maize yields over 50 baskets per acre with cultivation costs of around K500,000 per acre, while sweet corn yields roughly 15,000 cobs per acre with production costs exceeding K500,000 per acre. 206

# ဗြိတိန်နိုင်ငံ Saab ကုမ္ပဏီက ကမ္ဘာ့ပထမဆုံး Quantum Timing ရေဒါကွန်ရက်ကို စမ်းသပ်ခဲ့



ဗြိတိန်နိုင်ငံ Saab ကုမ္ပဏီသည် ကမ္ဘာ့ပထမဆုံး Quantum Timing ရေဒါကွန်ရက်ကို စမ်းသပ်ခဲ့ကြောင်း Nrxt Gen Defense သတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုတွင် ဗြိတိန်နိုင်ငံ အခြေစိုက် Quantum Technology ကုမ္ပဏီ Aquark Technologies၊ ဗြိတိန်တော်ဝင်ရေတပ်လက်အောက်ရှိ DCTO နှင့် ဗြိတိန် Saab ကုမ္ပဏီ၏ ဌာနခွဲတို့ ပူးပေါင်းပါဝင်ခဲ့ပြီး အချက်ပြစနစ် (GPS) မရရှိသည့် အခြေအနေအောက်တွင် ဖြန့်ကြက်တပ်ဆင်ထားသည့် ရေဒါများကြား ချိတ်ဆက်လုပ်ဆောင်နိုင်မှုကို ပြသခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း Saab ကုမ္ပဏီ၏ Giraffe 1X ရေဒါကို Aquark ကုမ္ပဏီ၏ AQlock Quantum နည်းပညာနှင့် ပေါင်းစပ်အသုံးပြုခဲ့ပြီး သီးခြားနေရာများတွင် ဖြန့်ကြက်တပ်ဆင်ထားသည့် ရေဒါအများအပြားသည် မိမိတို့၏ လုပ်ဆောင်ချက်များကို အချိန်ကိုက် ညှိနှိုင်းနိုင်သကဲ့သို့ ရေဒါတစ်ခုချင်းစီမှ ရရှိသည့် ပစ်မှတ်ခြေရာခံ အချက်အလက်များကိုလည်း ပေါင်းစပ်ကာ လေပိုင်နက်အခြေအနေကို တစ်စုတစ်စည်းတည်း ဖော်ပြနိုင်ခဲ့သည်။

အဆိုပါကွန်ရက်သည် ရွေ့လျားနေသည့် ပစ်မှတ်များကို အောင်မြင်စွာ ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းများပြုလုပ်နိုင်ခဲ့ပြီး သီးခြားနေရာများတွင် တပ်ဆင်ထားသည့် ရေဒါစောင့်ကြည့်ရေးစနစ်များမှရရှိသော အချက်အလက်များကိုလည်း ပေါင်းစပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် စမ်းသပ်ရေးအဖွဲ့သည် စနစ်၏ အချိန်ကိုက်ညှိနှိုင်းလုပ်ဆောင်မှုကို အတည်ပြုနိုင်ခဲ့ပြီး စမ်းသပ်မှုအချက်အလက်များကို သတ်မှတ်ချက်ပြည့်မီအောင် သရုပ်ပြလုပ်ဆောင်နိုင်ခဲ့သည်။

ထို့နောက် အဆိုပါကွန်ရက်ကို GNSS အချက်ပြပိတ်ဆို့ခြင်းနှင့် လှည့်စားမှုပြုလုပ်ခြင်းတို့ကို ပုံစံတူဖန်တီးထားသည့် အခြေအနေတွင် ဆက်လက်လည်ပတ်စေခဲ့သည်။ ၎င်းစမ်းသပ်မှုက ဂြိုဟ်တုလမ်းညွှန်အချက်ပြများ ထိခိုက်ပျက်စီးသွားသည့်အချိန်တွင် Quantum Timing ရေဒါကွန်ရက်သည် ဖြန့်ကြက်ထားသည့် အာရုံခံကိရိယာများအကြား ညှိနှိုင်းလုပ်ဆောင်နိုင်မှုကို ဆက်လက်ထိန်းသိမ်းပေးနိုင်ကြောင်း ပြသခဲ့သည်။

"ဤစမ်းသပ်မှုသည် ပူးပေါင်းဆောင်ရွက်မှုက ဆန်းသစ်တီထွင်မှုကို မည်သို့မြန်ဆန်စေနိုင်ကြောင်း ပြသသည့် ထင်ရှားသော ဥပမာတစ်ရပ်ဖြစ်သည်" ဟု Saab UK၏ Group Managing Director Andy Fraser က ပြောကြားခဲ့သည်။

Giraffe 1X ရေဒါစနစ်သည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး၊ တာနီး လေကြောင်းရန်ကာကွယ်ရေးနှင့် မောင်းသူမဲ့လေယာဉ်များကို တန်ပြန်တိုက်ခိုက်သည့် C-UAS စစ်ဆင်ရေးများအတွက် ဒီဇိုင်းရေးဆွဲထားသည့် ကျစ်လျစ်သော 3D စောင့်ကြည့်ရေး ရေဒါဖြစ်ပြီး အလေးချိန်မှာ ကီလိုဂရမ် ၁၅၀ ခန့်ရှိသည်။ ၎င်းရေဒါစနစ်သည် လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒုံးကျည်များ၊ ရော့ကက်များ၊ အမြောက်ကျည်များ၊ မော်တာကျည်များနှင့် အရွယ်အစားသေးငယ်သည့် မောင်းသူမဲ့လေယာဉ်များ၏ ခြိမ်းခြောက်မှုအမျိုးမျိုးကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။

**Saab Demos 'World-First' Quantum-Timed Radar Networkကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်အထူးတပ်ဖွဲ့များက အလက်စကာတွင် POLAR DAGGER 2026 စစ်ရေးလေ့ကျင့်မှု ပြုလုပ်နေ

အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့များသည် ရုရှားနိုင်ငံနှင့် နီးကပ်သည့် အလက်စကာပြည်နယ် အနောက်ပိုင်းဒေသများတွင် POLAR DAGGER 2026 အာတိတ်ဒေသ စစ်ဆင်ရေးလေ့ကျင့်မှုကို ပြုလုပ်နေကြောင်း Army Recognition က ဩဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုကို ဩဂုတ် ၁၅ ရက်မှ ၃၁ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး လေကြောင်းစစ်ဆင်ရေးများ၊ မြေပြင်နှင့် ရေကြောင်းစစ်ဆင်ရေးများ ပေါင်းစပ်လေ့ကျင့်သွားမည်ဖြစ်သည်။

POLAR DAGGER 2026 စစ်ရေးလေ့ကျင့်မှုသည် အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့များအနေဖြင့် အာတိတ်ဒေသကဲ့သို့ အလွန်အေးသောရာသီဥတု၊ သွားလာရေးခက်ခဲသောမြေပြင်နှင့် အခြေခံအဆောက်အအုံနည်းပါးသည့် ဒေသများတွင် လျင်မြန်စွာရောက်ရှိပြီး စစ်ဆင်ရေးများ လုပ်ဆောင်နိုင်စွမ်း ရှိ၊ မရှိ စမ်းသပ်သည့် နှစ်စဉ်လေ့ကျင့်မှုတစ်ရပ်ဖြစ်သည်။ အမေရိကန်အထူးစစ်ဆင်ရေး မြောက်ပိုင်းကွပ်ကဲမှုဌာနချုပ်က အဆိုပါလေ့ကျင့်မှုကို ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုနှစ်လေ့ကျင့်မှုတွင် Little Diomede Island၊ St. Lawrence Island၊ Wales၊ Tin City၊ Nome နှင့် Point Hope တို့အပါအဝင် အလက်စကာပြည်နယ် အနောက်ပိုင်းဒေသများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြုလုပ်ကြသည်။ အဆိုပါနေရာများသည် Bering Strait နှင့် အာတိတ်ဒေသသို့ ဝင်ရောက်သည့် အရေးကြီးသော လေကြောင်းနှင့် ရေကြောင်း လမ်းကြောင်းများအနီးတွင် တည်ရှိနေသည်။

အထူးသဖြင့် Little Diomede Island သည် ရုရှားနိုင်ငံပိုင် Big Diomede Island နှင့် Bering Strait ရေလက်ကြားတစ်ဖက်တစ်ချက်တွင် တည်ရှိပြီး ကျွန်းနှစ်ကျွန်း အကွာအဝေးမှာ အလွန်နီးကပ်သည်။ ထို့ကြောင့် ၎င်းဒေသတွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းသည် အမေရိကန်အနေဖြင့် ရုရှားအရှေ့ဖျားဒေသနှင့် နီးကပ်သည့် အာတိတ်ဒေသတွင် တပ်ဖွဲ့များကို လျင်မြန်စွာဖြန့်ကြက်နိုင်ရေး လေ့ကျင့်နေခြင်းကို ထင်ရှားစေသည်။ သို့သော် အမေရိကန်ဘက်က ယခုလေ့ကျင့်မှုသည် အမေရိကန်နိုင်ငံ၏ မြောက်ပိုင်းနယ်မြေ လုံခြုံရေးနှင့် အာတိတ်ဒေသတွင် တပ်ဖွဲ့များ၏ အသင့်ပြင်ဆင်မှုတိုးမြှင့်ရေးကို ရည်ရွယ်ကြောင်း သိရသည်။



လေ့ကျင့်မှုအတွင်း အထူးတပ်ဖွဲ့ဝင်များသည် အခြေခံအဆောက်အအုံနည်းပါးသည့် ဝေးလံခေါင်သီသောနေရာများတွင် အချိန်တိုအတွင်း တပ်စွဲနိုင်ရေး၊ ဆက်သွယ်ရေးစနစ်များ ထိန်းသိမ်းအသုံးပြုနိုင်ရေး၊ တပ်ဖွဲ့ဝင်များနှင့် လိုအပ်သည့်ပစ္စည်းများကို ပြန်လည်ဖြည့်တင်းနိုင်ရေးနှင့် အရေးပေါ်အခြေအနေတွင် ပြန်လည်ရွှေ့ပြောင်းနိုင်ရေးတို့ကို စမ်းသပ်လေ့ကျင့်မည်ဖြစ်သည်။ ၎င်းလုပ်ငန်းများသည် အာတိတ်ဒေသ၏ ခက်ခဲသောပထဝီဝင်နှင့် ရာသီဥတုအခြေအနေများအောက်တွင် စစ်ဆင်ရေးဆောင်ရွက်နိုင်စွမ်းကို စမ်းသပ်ခြင်းဖြစ်သည်။

ယခု POLAR DAGGER 2026 စစ်ရေးလေ့ကျင့်မှုတွင် အထူးစစ်ဆင်ရေးတပ်ဖွဲ့များကို ထပ်မံပေါင်းစပ်ခြင်းဖြင့် အာတိတ်ဒေသကာကွယ်ရေးအတွက် တပ်ဖွဲ့အမျိုးမျိုး အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို စမ်းသပ်နေခြင်းဖြစ်သည်။

ယခုလေ့ကျင့်မှု၏ အရေးပါသည့်အချက်မှာ အာတိတ်ဒေသကဲ့သို့ ကျယ်ပြန့်ပြီး လူနေထိုင်မှုနည်းပါးသည့် နယ်မြေတွင် တပ်ဖွဲ့အမြဲတမ်းချထားခြင်းထက် လိုအပ်သည့်အချိန်တွင် တပ်ဖွဲ့ငယ်များကို လျင်မြန်စွာ ဖြန့်ကြက်နိုင်ရေးကို အလေးထားလာခြင်းဖြစ်သည်။ အထူးတပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့အင်အားအနည်းငယ်ဖြင့် ဝေးလံသောနေရာများတွင် လှုပ်ရှားနိုင်သည့်အတွက် ရှာဖွေစောင့်ကြည့်ခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများ လုံခြုံရေးကဲ့သို့သော လုပ်ငန်းများတွင် အသုံးချနိုင်ကြောင်း သိရသည်။

**U.S. Special Operations Forces Deploy Near Russia in Western Alaska for Polar Dagger 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အခမ်းအနားတက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ရဲရင့်အောင်တို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက်တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ပြည်သူ့ဆက်ဆံရေးတပ်များ၏တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကျင်းပခြင်းသည် ပြည်သူ့ဆက်ဆံရေးတပ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေးပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင်တိမ်ကောပပျောက်မှုမရှိစေရန်၊ အဆင့်အတန်းတိုးတက်မြင့်မားစေရန်၊ မြန်မာမှုစစ်စစ် အနုသုခုမပညာရပ်အဖြစ် ထည်ဝါစွာရပ်တည်နိုင်ရန်၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့်ပတ်သက်သည့် သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေးပိုမိုမြင့်မားတိုးတက်လာစေရန်နှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်စသည့် လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်စွာ ထမ်းဆောင်နိုင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အနုပညာစွမ်းအားများ မြင့်မားစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ စာပေ၊ ဂီတအနုသုခုမဆိုသည်မှာ လူတို့၏စိတ်ကို နူးညံ့ပျော့ပျောင်းစေသကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်တို့ကိုလည်းနိုးထစေကြောင်း၊ မြန်မာ့သမိုင်းတွင် ငါးစီးရှင်ကျော်စွာသည် “ကာချင်း” ကို ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့သည် ဒိုင်း၊ ဓား၊ လှံတို့ကိုကိုင်ပြီး ညီညာဖြဖြသီဆိုကာ ကခုန်ခဲ့ကြကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင်လည်း မြန်မာတို့၏လွတ်လပ်ရေးမျှော်မှန်းချက်နှင့်အတူ အမျိုးသားရေးတေးသီချင်းများစွာလည်း ပေါ်ထွန်းလာခဲ့ကြောင်း၊ ထိုသို့ ဂီတအနုသုခုမစွမ်းဆောင်ရည်ကြောင့် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်

**ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များပင်ဖြစ်၊ မူလရည်မှန်းချက်တာဝန်သုံးရပ်ကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်း လိုအပ် . . .**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်၏ ၁၀ ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မရှင်၏ ၁၀ ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Le Hoai Trung နှင့်အတူ ဦးဆောင်တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကြားထူထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးအောက်မှ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နိုင်ငံရေး၊ကာကွယ်ရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့်ပြည်သူအချင်းချင်းအပြန်အလှန်ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို အပြန်အလှန်ရှင်းလင်းအသိပေးကြပြီး နှစ်နိုင်ငံကြား ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံအားပေးလျက် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ်တွင် မြန်မာ-ဗီယက်နမ် ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးထူထောင်မှု ၁၀ နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားများကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသံတမန်သင်တန်းကျောင်းများကြား ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများကြားပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများလာရောက်ပြုလုပ်ရန်၊ နည်းပညာဆိုင်ရာပစ္စည်းများလာရောက်ထုတ်လုပ်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိရာ နှစ်နိုင်ငံကြား အဆိုပါဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်မှလည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့်ဆက်ဆံရေးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အပြုသဘောဆောင်ကြိုဆိုသည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ ဗီယက်နမ်တွင်လည်း ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ၁၄ ကြိမ်မြောက် အမျိုးသားပါတီကွန်ဂရက်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးမဟာဗျူဟာများကိုချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်သည် နှစ်နိုင်ငံလုံးအတွက် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အချိန်အခါကောင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကြား နှစ်နိုင်ငံဆက်ဆံရေး၊ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုစသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားလိုကြောင်း၊အာဆီယံကုလသမဂ္ဂနှင့် အခြားသော အပြည်ပြည်ဆိုင်ရာမူဘောင်များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝနှင့်တန်းတူအခွင့်အရေးရရှိရေးအတွက် ဗီယက်နမ်နိုင်ငံက ဆက်လက်ထောက်ခံ အားပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်

များပြန်လည်နိုးကြားလာခဲ့ပြီး လွတ်လပ်ရေးဆိုသည့်ပန်းတိုင်ကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့များ၊ အသံလွှင့်တပ်ဖွဲ့များ၊ မြဝတီရုပ်မြင်သံကြားတပ်ဖွဲ့များ၊ သတင်းစာတိုက်တပ်ဖွဲ့များသည် ပြည်သူနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းထိတွေ့နေသည့် တပ်ဖွဲ့များဖြစ်ကြောင်း၊ တစ်နည်းဆိုပါက တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားများဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ကျွမ်းကျင်ရာ အနုသုခုမပညာရပ်များနှင့် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များပင်ဖြစ်ကြောင်း၊ မူလရည်မှန်းချက်တာဝန်သုံးရပ်ကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်း လိုအပ်ကြောင်း၊ စိတ်အခြေခံကောင်းများမှတစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာနယ်ပယ်ကိုဝင်ရောက်ပြီး တပ်ဖွဲ့၏ မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက်မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အခမ်းအနားတက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့အနုပညာရှင်ကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**စိတ်အခြေခံကောင်းများမှတစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာနယ်ပယ်ကိုဝင်ရောက်ပြီး တပ်ဖွဲ့၏မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကို တွေ့မြင်ရမည်ဖြစ် . . .**

ကြောင်း၊တိုင်းရင်းသားလူမျိုးများ၏ဖြစ်တည်မှုသမိုင်းအစမှတစ်ဆင့် လွတ်လပ်ရေးနှင့်အတူ ပိုင်ဆိုင်ခဲ့သည့် မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရာရောက်သည်ကို လေးလေးနက်နက် သိမြင်နားလည်ထားကြရန် လိုကြောင်း။

လက်ရှိမျိုးဆက်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့်စိတ်စသော စိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ထို့ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးတတ်စေမည့် စိတ်အမြုတေကောင်းများကို လက်ဆင့်ကမ်းအမွေအဖြစ်ပေးအပ်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့နှလုံးသားထဲတွင် ပိုင်ဆိုင်ထားသည့် အနုပညာ၊ ပင်ကိုရှိပြီးသည့်အနုပညာဗီဇ၊ ပါရမီတို့နှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်အစစ်အမှန်ကို ဖော်ထုတ်ပြသကြရမည့် ပြိုင်ပွဲတစ်ရပ်ဆိုသည့် အသိထက်ကျော်လွန်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အပေါ် စောင့်ရှောက်နိုင်ရန်ဆိုသည့် အသိ၊ တပ်ဖွဲ့ဝင်များ၏ အနုပညာကိုယ်ရည်ကိုယ်သွေးမြင့်မားရေးဆိုသည့် အသိများထိတိုင်ရှုမြင်ပြီး မဆုတ်မနစ်ကြိုးစားယှဉ်ပြိုင် လျှောက်လှမ်းသွားကြရန် လိုအပ်ကြောင်း။

အတိတ်သမိုင်းစဉ်တွင် အောင်မြင်စွာကမ္ဘည်းထိုးနိုင်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးစစ်သည်တော်ကောင်းများနည်းတူ တပ်ဖွဲ့ဝင်များ၏ တစ်မူထူးခြားသည့် အနုပညာအရည်အသွေးကို မှတ်ကျောက်တင်ခံနိုင်၍ တပ်ဖွဲ့၏ဂုဏ်ကို ဆက်လက်မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းလျှောက်လှမ်းသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊သီဆို၊ကပြဖျော်ဖြေတင်ဆက်မှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကွပ်ကဲမှုအောက်တပ်များမှ စစ်သည်၊စစ်သမီးများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ကာလပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများပါဝင်ပြီး ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်ထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

ရေးနှင့် လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက်ကြိုးပမ်းမှုများကိုထောက်ခံကြောင်း၊ နှစ်နိုင်ငံကြား အာဆီယံ၊ အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီတို့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲကော်မရှင်အစည်းအဝေး၏သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Le Hoai Trungနှင့် အဖွဲ့သည် နေပြည်တော်မှပြန်လည်ထွက်ခွာရာ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌လိုက်ပါပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထိုင်းနိုင်ငံ ဗန်ကောက်၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Julapun Amornvivat နှင့် နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

ဗန်ကောက် ဩဂုတ် ၂၆

၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Julapun Amornvivatနှင့် ဩဂုတ် ၂၅ ရက် ညနေပိုင်းတွင် အစည်းအဝေးများကျင်းပမည့် Dusit Thani Hotel သီးသန့်အစည်းအဝေးခန်း၌ နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံတွင်း နေရာဒေသအလိုက် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် အင်အားစာရင်းရရှိရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပို့နိုင်ရေး နှစ်နိုင်ငံသက်ဆိုင်ရာဌာနများကြား ဆွေးနွေးဆောင်ရွက်ပေးနိုင်ရေး၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identity-CI) ထုတ်ပေးမည့်နေရာများ တိုးချဲ့ဖွင့်လှစ်ရေး၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြပြီး လေးနှစ်ပြည့်ပြီးသည့် မြန်မာလုပ်သားများ သက်တမ်းတိုးဆက်လက် အလုပ်လုပ်ကိုင်ရေးအတွက် U-turn လုပ်ငန်းစဉ် အမြန်ဆုံးဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေး၊မြန်မာလုပ်သားများ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ စနစ်တကျရရှိနိုင်ရေးနှင့် နှစ်နိုင်ငံလူမှုဖူလုံရေးအဖွဲ့များကြား သဘောတူစာချုပ်(MoC)ချုပ်ဆိုဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ယာယီအချက်အလက်ကောက်ယူရေးဌာန(Temporary Data Collection Center-TDCC) ဖွင့်လှစ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။




တွေ့ဆုံပွဲသို့ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံမှ အလုပ်သမားရေးရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၊ ၁၄ ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် နှစ်နိုင်ငံအလုပ်သမားရေးရာ အလုပ်သမားဝန်ကြီးများအစည်းအဝေးတို့သို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc ၊ အာဆီယံရေးရာဌာန၊ အရှေ့တောင်အာရှ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Nguyen Tat Thant နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့်ဝမ်းမြောက်ကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှုများရှည်ကြာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံမှု နှစ် ၅၀ ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီမှုများစွာရှိသကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများလည်း တူညီကြကြောင်း၊ အလားတူ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ခဲ့သကဲ့သို့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည့်အတွက် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ **မိမိအနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံသမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာ တိုလမ်က အဆွေတော်သမ္မတကြီးအား ဗီယက်နမ်နိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် လာရောက်ရန် ဖိတ်ကြားမှုနှင့် အဆွေတော်သမ္မတကြီး လာရောက်မည့်ခရီးစဉ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိမှုကို သတင်းစကားပါးရန် စေလွှတ်ချက်အရ ယခုကဲ့သို့ လာရောက်ဂါရဝပြု** တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ပြည်ပနိုင်ငံသို့သွားရောက်သည့် ပထမဆုံးခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အနေဖြင့် သမိုင်းကြောင်း အဆက်ဆက်တွင် ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်များက တည်ဆောက်ခဲ့ကြပြီး ယခုတိုင် ကောင်းမွန်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ယခု အဆွေတော်သမ္မတကြီး လာရောက်မည့် ဗီယက်နမ်နိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံကြား နှစ်ပေါင်းများစွာတည်ဆောက်ခဲ့သည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် စာမျက်နှာသစ်၊ ကဏ္ဍသစ်ကို ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်ခိုင်မာအောင် မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ တပ်မတော်အချင်းချင်းနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စီးပွားရေးအရ နယ်ပယ်သစ်များတိုးချဲ့ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ – ကျောက်ဖရား– မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

PPIB News

# ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး



မန္တလေး ဩဂုတ် ၂၆

ပြင်ဦးလွင်ခရိုင် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် ပြင်ဦးလွင်ခရိုင် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ နယ်နိမိတ်တစ်လျှောက် သစ်ပင်စိုက်ပျိုးမည့်ဧရိယာများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနီးနယ်နိမိတ်တွင် ခါတော်မီအပင် ၁၀၀ စိုက်ပျိုးပြီး ကန်တော်ကြီးရေလှောင်ကန် ကန်ပေါင်နှင့် ရေပိုလွှဲကြံ့ခိုင်နိုင်မှု ပိုမိုအားကောင်းစေရန် ဝင်ရေ၊ ထွက်ရေ ထိန်းညှိစီမံဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် သုမင်္ဂလာအဆင့်မြင့်ဈေးရောင်းဝယ် ဖောက်ကားနေမှုများအခြေအနေများ လိုက်လံကြည့်ရှုအားပေးပြီး ဈေးအကျိုးတော်ဆောင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမြေနေရာတည်ရှိမှုနှင့်ပြေးလမ်းပါဘောလုံးကွင်း တည်ဆောက်သွားမည့်အခြေအနေများ၊ ပြင်ဦးလွင်မြို့ မိုးကြိုးရွာမှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်း အရှည်ပေ ၅၃၀၀ ရှိ လမ်းကြောင်း(၁)၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)-မိုးကြိုးရွာ၊ လေးအိမ်စုရွာ၊ တောင်ပြိုရွာတို့မှ ပြင်ဦးလွင်မြို့တွင်းသို့အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်း အရှည် ပေ ၄၁၀၀ ရှိ လမ်းကြောင်း(၂) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွတ်လပ်ပြီး တရားမျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်မှုအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံကြား ဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအပြင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၇၅ ခုနှစ် မေလမှစ၍ ထူထောင်ခဲ့ကြသဖြင့် ယခုဆိုလျှင် ၅၁ နှစ်ထဲသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာဖြင့် ကာလရှည်ကြာပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် မိတ်ဆွေနိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်လည်း ထဲထဲဝင်ဝင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့်ပတ်သက်၍လည်း ထဲထဲဝင်ဝင်လေ့လာလိုပါကြောင်း၊ ထို့ပြင် ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်နှစ်ရပ်ကြား လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်း ဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-AIPO စတင်ဖွဲ့စည်းစဉ်ကတည်းကပါဝင်ခဲ့ပြီး ယခု အာဆီယံပါလီမန်များညီလာခံ-AIPA တွင်လည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတကာပါလီမန်များအဖွဲ့-IPU တွင်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တွင် ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီသည် နိုင်ငံပေါင်းများစွာနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိသည်ကို သိရှိပါကြောင်း၊ မိမိတို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့်လည်း ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးက မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် သံတမန်ဆက်ဆံရေးသည် ကြာမြင့်သည့်ကာလတစ်ခုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး ကြာမြင့်လာသည်နှင့်အမျှ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာကာ ဆယ်စုနှစ်များစွာ လက်တွဲဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကိုလည်း နားလည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရနှင့် လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်လာမှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများစွာကိုဖြတ်ကျော်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အစီအမံများကိုလည်း မျှဝေသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ဗီယက်နမ်နိုင်ငံသားများကိုလည်း ကူညီစောင့်ရှောက်စေလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များဖွဲ့စည်းပြီး လူငယ်၊ အမျိုးသမီး၊ နည်းပညာစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကလည်း အဆွေတော်ကိုနှုတ်ခွန်းဆက်သသည်ကို အသိပေးလိုပါကြောင်း၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နောင်တွင် ဖိတ်ကြားတွေ့ဆုံသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲထောက်ခံသွားမည်ဖြစ်ပြီး အာဆီယံပါလီမန်များညီလာခံနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးတေဇကျော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော် မြန်မာ- ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မြင့်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများ စွာရရှိစေရန်၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ကျောင်းသား၊ကျောင်းသူတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနားလည်မှုစွမ်းရည်တိုးတက်လာပြီး ပတ်ဝန်းကျင်ရှုခင်းများကြည့်ရှုခြင်းအားဖြင့် စိတ်ကြည်လင်လန်းဆန်းမှုရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ရှိခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့်ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ် မြန်မာ့တပ်မတော်သုံးပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဧရိယာအကျယ်အဝန်းနှင့် ရေပိုင်နက်နယ်နိမိတ်ပြကွက်၊ ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက်တပ်မတော်(ရေ)၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပကွက်တွင် ခင်းကျင်းပြသထားသော ရှေးခေတ်ကြေးသွန်းအမြောက်များ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သောတပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်၊ စာရေးကိရိယာများကို အသီးသီးဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့သည်။





လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသားများ၏ စကားသံများကို လည်း ယခုကဲ့သို့ကြားသိရပါတယ်–

“ကျွန်တော်တို့အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ သမိုင်းကြောင်းတွေကို များစွာသိရှိရပါတယ်။ မြန်မာ့တပ်မတော် ပေါ်ပေါက်လာပုံကို ရုပ်ရှင်ပြသပေးတာကိုလဲ ကြည့်ရှုရတဲ့အတွက် မျက်ရည်ကျတဲ့ထိကို တော်တော်လေးကောင်းတာကို တွေ့ရပါတယ်။ ဝမ်းနည်းစရာလဲ ကောင်းသလို ဂုဏ်ယူစရာလဲကောင်းပါတယ်။ ဒီမှာက လေ့လာစရာတွေအများကြီးရှိတယ်။ ကြည်း၊ ရေ၊ လေဆိုပြီး အဆောင်အလိုက် ခွဲထားပါတယ်။ အဲ့ဒီထဲကမှ ကျွန်တော် အကြိုက်ဆုံးဆိုရင် လေတပ်ကို ကြိုက်ပါတယ်”ဟုပြောသည်။

“ကျွန်တော်တို့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတဲ့အခါမှာ တပ်မတော်(လေ)ကို အရင်ဆုံးသွားရောက်လေ့လာခဲ့ပါတယ်။ လေယာဉ်တွေကိုတည်ဆောက်တဲ့အခါမှာ အင်ဂျင်တွေကို အသုံးပြုရတဲ့အပိုင်းတွေကိုလဲ မြင်တွေ့ရတဲ့အတွက် ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ တပ်မတော်(ရေ) ပြကွက်တွေကိုလဲသွားရောက်လေ့လာခဲ့ပါတယ်။ အဲ့ဒီမှာ မြန်မာနိုင်ငံရဲ့ ပင်လယ်ရေပိုင်နက်တွေ၊ မြန်မာနိုင်ငံမှာ အင်္ဂလိပ်တွေကို တိုက်ထုတ်ခဲ့တဲ့ ပထမဦးဆုံးသော လက်နက်ကိုလဲ လေ့လာခဲ့ရပါတယ်။ အဲ့ဒါတွေအတွက်လဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့ရတာတွေက ကျောင်းမှာဆိုရင်လဲ သင်ခန်းစာတွေအတွက် အလွန်ကိုမှ အသုံးဝင်ပါတယ်။ G-9 သမိုင်းဘာသာမှာ သင်ခဲ့ရတဲ့ သင်ခန်းစာတွေမှာ ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေစသဖြင့်သင်ခဲ့ရတာတွေကို ဒီစစ်သမိုင်းပြတိုက်မှာ သေသေချာချာလေ့လာခဲ့ရပါတယ်။ ကျောင်းမှာတော့ စာတွေ့ပဲ သင်ရတာဖြစ်ပြီး ဒီမှာက လက်တွေ့လေ့လာလို့ရတဲ့အတွက်များစွာအထောက်အကူဖြစ်ပါတယ်။ အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိလူကြီးများကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား အစိုးရနည်းပညာကောလိပ် (မန္တလေး)တွင် ကျင်းပ



**မန္တလေး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်(မန္တလေး)ဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံတို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဦးဆောင်၍ ပျိုးပင်များစိုက်ပျိုးပေးကာ တက်ရောက်လာကြသူများနှင့် ကျွန်း၊ ပိတောက်၊ ရင်းမာ၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်း၊ ခရေ၊ တမာ၊ ငုရွှေဝါ၊ မည်စည်၊ တပေဘူတစသည့် သစ်မျိုး ၁၁ မျိုး ၊ စုစုပေါင်း အပင် ၂၅၀၀ ကို အတူတကွ စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

**❍ နေရာကွက်၍မိုးကြီးနိုင်မှ**

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်း နိုင်ခြင်းကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း “နာရာ” (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ၁၉ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၂၂ ဦးက လူချွန်လူကောင်းခေတ်ဟောင်းတေးသီချင်းဖြင့်လည်းကောင်း၊ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၆ ဦးက ဓမ္မစကြာခေတ်ဟောင်း တေးသီချင်းဖြင့်လည်းကောင်း အသီးသီးသီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင် ကပြယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ









၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပထမနေ့ပွဲစဉ် သီဆိုယှဉ်ပြိုင်ကြစဉ်။

အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**■ ဂုဏ်ပြုကြိုဆိုမှ**

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊အက၊အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုပွဲကို ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအလှများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အောင်ဇေယျမြို့သစ် အမှတ်(၁)အောင်ဇေယျစစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အောင်ဇေယျမြို့သစ် အမှတ်(၁)အောင်ဇေယျစစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်အဖွဲ့ဝင်များက အဆိုပါအိမ်ရာရှိ အောင်ဇေယျခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အောင်ဇေယျမြို့သစ် အရိယမဂ္ဂဓမ္မာရုံ၌ အခြေပြု၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူ စုစုပေါင်း ၉၆ဦးကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ ဘဝနတ်ထံ ပျံလွန်တော်မူ



နေပြည်တော် ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ (အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ သက်တော် ၈၁ နှစ် သိက္ခာ ၆၁ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် (၂၆-၈-၂၀၂၆)၊ ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမင်းကြည်ဝင်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်ထိ တရားဝင်ခရီးစဉ်လာရောက်သည့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Le Hoai Trung သည် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့”** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

❑ ညောင်တုန်းမြို့နယ်မှ

သဲအိတ်ဖြင့်တာခြေထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာ၏ အနောက်ဘက် ပေ ၂၀၀ ခန့် အကွာတွင် အလျား ပေ ၇၀၀၊ အမြင့် ၁၀ ပေ ယာယီတာပတ်ခြင်း (Ring Bund) လုပ်ငန်းများကို စက်ယန္တရားများ အသုံးပြု၍ဆောင်ရွက်ခြင်း၊ တာခြေထောက်ခြင်း၊ မြစ်ကမ်းထိန်းတာကို ပြင်ဆင်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ရေအရှိန်လျော့ကျစေရေးအတွက် ရေထိန်းဝါးဖောင်များ ပြုလုပ်ခြင်းများကို အင်တိုက်အားတိုက်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)










ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ မြန်မာနိုင်ငံ CCDAC နှင့် UNODC တို့ ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပ



**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC) နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)တို့ ပူးတွဲအိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးအမှုများတွင် ကြုံတွေ့ရလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံအလိုက်ဆွေးနွေးတင်ပြခြင်းများ၊ သက်သေအထောက်အထားနှင့် သတင်းအချက်အလက် ဖလှယ်မှု၊ စာရွက်စာတမ်းနှင့် ဘာသာစကားဆိုင်ရာ လိုအပ်ချက်များ၊ တရားခံလွှဲပြောင်းပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ နယ်စပ်ဒေသ၌ တရားခံလွှဲပြောင်း၊လက်ခံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ဒေသတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု အခြေအနေသည် လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ နေရာတစ်ခုတည်းတွင် မူးယစ်ဆေးဝါးများကို ထုတ်လုပ်၍ နိုင်ငံအများစုသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရရှိလာသော ငွေကြေးအမြတ်အစွန်းများကို သီးခြားတရားစီရင်ပိုင်ခွင့်ရှိသော နိုင်ငံများတွင် သိုဝှက်ထိန်းသိမ်းထားကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်သော အဖွဲ့များသည် တစ်ခုနှင့် တစ်ခု ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နေပြီး နည်းပညာများလည်း ပိုမိုဆန်းသစ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ သီပေါမြို့နှင့် မိုင်းရယ်တွင် ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များအရ နယ်စပ်ဖြတ်ကျော် မူးယစ်ဂိုဏ်းအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတွင် မပါဝင်သော ဓာတုပစ္စည်းအသစ်များကိုပြောင်းလဲအသုံးပြုလာကြပြီး စုံစမ်းစစ်ဆေးမှုမှ ရှောင်ရှားနိုင်ရန်အတွက် ၎င်းတို့၏ ဓာတုဗေဒဖော်မြူလာများကို ပြုပြင်ပြောင်းလဲလာကြောင်း၊ နယ်စပ်မှ တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံခြားသားဓာတုဗေဒပညာရှင်များကိုလည်း ငှားရမ်းအသုံးပြုလာကြကြောင်း မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူးချုပ်သန့်လွင်မောင်က ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဂိုဏ်းခေါင်းဆောင်များကို ဖမ်းဆီးရန်အခက်အခဲရှိပြီး သက်သေအထောက်အထားစုဆောင်းရာတွင်လည်း အခက်အခဲရှိကြောင်း၊ သံသယရှိသူများကို နယ်စပ်ဖြတ်ကျော်လွှဲပြောင်းရာတွင် ကြီးမားသည့် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေ ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ တရားဥပဒေနှင့် စုံစမ်းစစ်ဆေးရေး စနစ်အပေါ်တွင် သတင်းအချက်အလက် ပေးပို့ချိတ်ဆက်မှုများ နှောင့်နှေးကြန့်ကြာမှု၊ မရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ၊ ပြည့်စုံမှုမရှိသော စာရွက်စာတမ်းအထောက်အထားများနှင့် အဆင့်ဆင့်သော ဆက်သွယ်ရေးလုပ်ငန်းစဉ် အခက်အခဲများကြောင့် ပြစ်မှုကျူးလွန်သူများကို တရားဥပဒေ၏ အပြစ်ပေးအရေးယူမှုမှ လွတ်မြောက်စေနိုင်ကြောင်း၊ လုပ်ငန်းစဉ်များကို ကြန့်ကြာစေသည့် အဟန့်အတားများကိုဖော်ထုတ်ပြီး ၎င်းတို့ကိုကျော်လွှားနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် နိုင်ငံများစုပေါင်း၍ အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမပြုံး ဦးဆောင်သော ကိုယ်စားလှယ် ရှစ်ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၊ UNODC တို့မှ ကိုယ်စားလှယ် ၄၂ ဦး၊ မိတ်ဖက်အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ် ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းနှင့် အစည်းအဝေးကို ဩဂုတ် ၂၇ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(**သတင်းစဉ်**)

## ၂၆-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေသြဇာ၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀.၆ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၁ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၃၇၃,၁၈၅.၅၅ | ၃,၂၅၈,၉၃၄.၀၀ | ၄၃,၃၅၄,၄၇၁.၈၅ | - |

# ဖလမ်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဖလမ်း ဩဂုတ် ၂၆

ဖလမ်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဆေးရုံဝင်း အတွင်း သူနာပြုအိမ်ရာများ၊ အမှတ်(၁) မူလတန်းလွန်ကျောင်း ကျောင်းဆောင်၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်ပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး မှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌသည် မြို့နယ်သမဝါယမဦးစီးဌာန နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အလုံးစုံပြုပြင်ပြီးစီးမှု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စတိုဆောင်ပြုပြင်မှုနှင့် ကျောင်းသားအိပ်ဆောင်အဆောက်အအုံအလုံးစုံပြုပြင်ပြီးစီးမှု၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် လေးခန်းတွဲ အဆောက်အအုံ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသစ်ပြုပြင်ခြင်း၊ နံကပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းနှင့် လျှပ်စစ်ဝန်ထမ်းအိမ်ရာ လေးခန်းတွဲပြုပြင်ခြင်း၊ မြို့နယ်လျှပ်စစ်၊ မီးစက်အဆောင် အမှတ်(၁)ပြုပြင်ခြင်း၊ လမ်းဦးစီးဌာနရိပ်သာ ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း မြို့နယ်သာသနာရေးရုံး အဆောက်အအုံပြုပြင်နေမှု၊ ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာန အဆောက်အအုံပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ ပြုပြင်နေမှု၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနရုံး အဆောက်အအုံပြင်ဆင်နေမှုများနှင့် မိုးလေဝသဆိုင်ရာတိုင်းတာသည့် ကိရိယာများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။**

**❖ ဝေါန်မြစ်ရေကာတာမှ**

အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝေါန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၅ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် နှစ်ပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင်၁၀ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝေါန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင်၁၀ ပေ ၃ လက်မခန့်သာကျန်ရှိသဖြင့် ခြောက်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေါန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မြောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေါန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့်လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(၅၀၁)**



**● ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၇ ရက်**(ယနေ့)**နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့်ချင်းပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ ပြည်လည်းလှ။**


# တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီး အရေးယူခြင်းများဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် မီတာ ၂၆၀၀၀ ခန့်အကွာ မန်ဖိုင်ကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား သုံးဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊ အနံ ပေ ၂၀ ထရံကာသွပ်မိုး အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေ ယာယီရွက်ဖျင်တဲ တစ်လုံး၊ အလျား ၁၀ ပေ၊အနံ ၁၅ ပေ ယာယီရွက်ဖျင်တဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီရွက်ဖျင်တဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေ ယာယီရွက်ဖျင်တဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၂၀ ယာယီရွက်ဖျင်တဲ တစ်လုံး၊ ဖုန်းမျိုးစုံ ၂၅ လုံး၊ All In One ကွန်ပျူတာ ငါးလုံး၊ Power Station နှစ်လုံး၊ Star Link တစ်လုံး၊ စကားပြောစက် ၁၀ လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ တက်ကြွစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား သုံးဦးကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်ပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှတဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

### "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) တောင်ယံတောလေး (မွန်)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) မဲဇာတောင်ခြေ (ပတ်ပျိုး)
(စ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
(ဆ) ညင်းညင်း (မွန်)
(ဇ) အောင်မင်္ဂလာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ရေယမုန် (ပတ်ပျိုး)
(ခ) လေပြေဆော်သွေးမြူး (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
(င) ပန်းဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကြိုး)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာသြဘာဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စံရာတောင်ကျွန်း (ကြိုး)
(ခ) အတိုင်းမသိ (ဝတ်တော်ရုံ ဘုန်းတော်ဘွဲ့)
(ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ခ) ထွေတလာ (ကြိုး)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

### "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ကောင်းချီးသဗ်ါ (မွန်)
(ခ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ထောင်ရောင်နေ (သီချင်းခံ)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(စ) မန်းတောင်လကျာ (ယိုးဒယား)
(ဆ) ညဦ့သုံးယံခါ (ပတ်ပျိုး)
(ဇ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) မှော်ရုံဟေဝန် (ယိုးဒယား)
(ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဃ) ဖြူပြာမှုရာ (ပတ်ပျိုး)
(င) သောင်းသောင်းညံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) လဲ့လဲ့စိမ်းရောင် (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာမြို့ (ကြိုး)
(ခ) မှန်ညောင်သဉ္ဇာ (ဝတ်တော်ရုံဘွဲ့)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

### "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ဒီပါအေးမြ (ပတ်ပျိုး)
(ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
(င) မန်းတောင်လကျာ (ယိုးဒယား)
(စ) မန်ချာမြေကို (ပတ်ပျိုး)
(ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
(ဇ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) မြန်မာသီချင်းဆိုရအောင် (ကာလပေါ်)၊ လှမြင့်ဝင်း
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) မှော်ရုံဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) မေတ္တာဂုဏ် (ကာလပေါ်) ပြည်လှဖေ
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ပဥ္စသိခ် (ခင်ခင်ညွန့်)
(ခ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)
(ဂ) ဝေဇယန်နှင့်နှုန်းပြေး (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) အနန္တငါးဖြာ (ကာလပေါ်)
(ဂ) စိမ်းလဲ့လဲ့ (ကြိုး)

### "မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ဖော်ကွာဝေး (ယိုးဒယား)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) မြရည်နန္ဒာ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခယ (ပတ်ပျိုး)
(စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဆ) ဂန္ဓမာတောင် (ဘွဲ့)
(ဇ) တောမြိုင်စွန်းက လွန်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ညဦ့သုံးယံခါ (ပတ်ပျိုး)
(ခ) သူဌေးဝါဒ (ကာလပေါ်)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) လူမနော (ပတ်ပျိုး)
(င) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကာလပေါ်) ပြည်လှဖေ
(ခ) အန္တရာယ်ကင်း (ဂီတာဦးစိမ်းမောင်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) မှန်ညောင်သဉ္ဇာ (ခင်ခင်ညွန့်)
(ခ) စံပယ် (ကာလပေါ်)
(ဂ) နန်းဘုံသီဟာဖွေ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သာယာ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) မေတ္တာဖြန်းမှလန်းဆန်းမယ် (ကာလပေါ်)

### "ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) ပုံပမာ (ကြိုး)
(ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
(င) ဂန္ဓမာတောင် (ဘွဲ့)
(စ) ပပငယ်ဝင်းဝင်း (ပတ်ပျိုး)
(ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဇ) ကြံကြံဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) နွေဦးတေးသံ (ကာလပေါ်)
(ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ဃ) သည်ဆောင်းဟေမာန် (ဘွဲ့)
(င) ကျွန်းကျွန်းပိုင်သ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) ချစ်မိုးဆွေ (ကာလပေါ်)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) သပြေရွက်ရည် (ကာလပေါ်)၊ မောင်မောင်ညွှန့်
(ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သာယာ (ကြိုး)
(ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
(ဂ) ချစ်နှင်းမှုန်မှုန် (ကာလပေါ်)

### "ဒုံမင်း" အတီး ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) မြန်ချာမြေကို (ပတ်ပျိုး)
(ခ) မာရဝိဇယ (ဘွဲ့)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
(င) သောင်းသောင်းညံ (ယိုးဒယား)
(စ) ဖြေလျော့ခွေ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) လေပြေဆော်သွေးမြူး (ယိုးဒယား)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) တဖုသသငယ် (ရွှေတိဂုံသမိုင်းဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) နှလုံးသားကို အလှဆင်ပါမယ် (ကာလပေါ်)
(ခ) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ဂ) ဘုန်းမိုးရွာစွေသွန်းဖြန်း (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) မြန်သပြေဘွေတကျွန်းခြားမြေ (ယိုးဒယား)
(ခ) ထန်းရွက်ပုတီး (ကာလပေါ်) Key –F
(ဂ) ဝေဇယန်နှင့်နှုန်းပြေး (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ခ) မေတ္တာရွှေရည် (ကာလပေါ်)
(ဂ) ကန်မင်းသာစွ (ယိုးဒယား)

### "ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) နှင်းယွန်းဂိမာန် (မွန်)
(ခ) သာရကာကျေး (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) တောတောင်စွယ် (ယိုးဒယား)
(စ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဆ) ဒီပါအေးမြ (ပတ်ပျိုး)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) စိန်ငွေလျှံ (ပတ်ပျိုး)
(ခ) တောမြိုင်စွန်း (ယိုးဒယား)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) သပြေပင်ဝန်း (ကြိုး)
(င) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) တာသစ်ကယ်လေကူး (ပတ်ပျိုး)
(ဂ) ကုဏ္ဍလာ (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) တောဟေဝန်လယ် (ယိုးဒယား)
(ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
(ဂ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ရွှေဘုန်းရွှေဘုန်း (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

ခြိုင့်တင်ပြချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် Digital Smart မီတာအသစ်လျှောက်ထားခြင်းများကို အီလက်ထရောနစ်နည်းပညာဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ဌာနမှလွှင့်တင်ထားသော Website (www.moee.gov. mm)တွင် Web Application နည်းပညာဖြင့် တည်ဆောက်ထားသော လျှပ်စစ်မီတာအသစ်လျှောက်ထားနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး အင်တာနက်လိုင်း ချိတ်ဆက်ထားသည့် ကွန်ပျူတာ/စမတ်ဖုန်း Browser တို့မှ ဝင်ရောက်အသုံးပြုနိုင်ပါသည်။

Digital Smart မီတာအသစ်လျှောက်ထားလိုသူသည် အဆိုပါစနစ်တွင် အသုံးပြုရန်အတွက် User Account အသစ်တစ်ခုဖွင့်လှစ်၍ မှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသုံးပြုလိုသည့် အိမ်သုံးမီတာ/ အိမ်သုံးပါဝါမီတာ/ ကန်ထရိုက်တိုက်အိမ်သုံးမီတာ/ စက်မှုသုံးပါဝါမီတာဟူ၍ မီတာအမျိုးအစားအလိုက် ဖော်ပြထားမှုထဲမှ မိမိအသုံးပြုလိုသည့် မီတာအားရွေးချယ်၍ လျှောက်ထားရမည်ဖြစ်ပါသည်။


Digital Smart မီတာအသစ်လျှောက်လွှာများကို ဖြည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ စစ်ဆေးလိုခြင်း၊ နောက်ဆုံးအခြေအနေကို သိရှိလိုခြင်းနှင့် ကြည့်ရှုခြင်းများအတွက် စနစ်၏လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status)ကို ဌာန၏ Website ရှိ မီတာလျှောက်ထားသူမှ ဖွင့်လှစ်ထားသော User Account တွင် တိုက်ရိုက်လွယ်ကူလျင်မြန်စွာ အလွယ်တကူ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ပြီး အောက်ဖော်ပြပါလင့်ခ် (Link)တွင် တိုက်ရိုက်ဝင်ရောက် အသုံးပြုနိုင်ပါသည်။

**ဝက်ဘ်ဆိုက်သို့ တိုက်ရိုက်ဝင်ရောက်ရန် (Website Link): https://emeter.moee.gov.mm**

**(၁) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့် (User Account)ဖွင့်လှစ်ရမည့်လုပ်ငန်းစဉ်များ**

(က) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့်ပြုလုပ်ခြင်း

လျှောက်ထားသူ အကောင့်ပြုလုပ်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website ၏ ပင်မစာမျက်နှာ(Home Page)ရှိ **"Digital Smart မီတာအသစ်များ လျှောက်ထားရန်"**အား Click နှိပ်လိုက်ပါက မီတာ/ပါဝါ မီတာအသုံးပြုခွင့်လျှောက်ထားခြင်းဟု တွေ့ရှိရမည်ဖြစ်ပြီး ၎င်းစာမျက်နှာ၏ ယာဘက်ထိပ်တွင် **"အကောင့်ဖွင့်ရန်"** စာသားအား Click ကိုနှိပ်၍ ဆောင်ရွက်နိုင်ပါသည်။







ပုံ(၁) ပင်မစာမျက်နှာပုံစံ


လျှောက်ထားသူအကောင့် ပြုလုပ်ရာတွင် ဖုန်းနံပါတ်(သို့မဟုတ်)အီးမေးလ်လိပ်စာတို့ဖြင့် မိမိစိတ်ကြိုက်ရွေးချယ်၍ အောက်ပါအတိုင်း ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၁) အမည်အပြည့်အစုံ၊ အီးမေးလ်လိပ်စာ၊ စကားဝှက် (Password) နှင့် စကားဝှက် အတည်ပြုခြင်း (Confirm Password)တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၂) အမည်အပြည့်အစုံ၊ ဖုန်းနံပါတ်၊ စကားဝှက်(Password)နှင့် စကားဝှက် အတည်ပြုခြင်း (Confirm Password)တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

စကားဝှက်အတည်ပြုခြင်းကဏ္ဍတွင် ရိုက်နှိပ်သည့်စကားဝှက်သည် အထက်တွင် ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA)ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"**ဟူသော Click နှိပ်၍ အကောင့်ပြုလုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။




ပုံ(၂) အကောင့်ပြုလုပ်ရန် ဖောင်ပုံစံ

အကောင့်ကို အတည်ပြုရန်အတွက် မိမိရွေးချယ်ခဲ့သည့်စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ (၆)လုံးပါဝင်သော ကုဒ်နံပါတ်ပေးပို့မည်ဖြစ်ပြီး ၎င်းကုဒ်နံပါတ်ကို ဖြည့်သွင်း၍ အတည်ပြုခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ အတည်ပြုရမည်ဖြစ်ပါသည်။ ဂဏန်း (၆)လုံး ပါဝင်သော ကုဒ်နံပါတ်ကို စနစ်တကျ ဖြည့်သွင်းပြီးပါက အကောင့်ဖွင့်လှစ်ခြင်းပြီးမြောက်၍ မီတာလျှောက်ထားခြင်း လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။







ပုံ(၃) ကုဒ်အတည်ပြုရန် ဖောင်ပုံစံ




ပုံ(၄) အကောင့်ဝင်ရန် ဖောင်ပုံစံ

(ခ) လျှောက်ထားသူ အကောင့်ထဲသို့ ဝင်ရောက်ခြင်း

လျှောက်ထားသူ အကောင့်ရှိပြီးသူများသည် အကောင့်ဝင်ရန် စာမျက်နှာ (Login Form)တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့် စကားဝှက် (Password) တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည် ဖြစ်ပါသည်။ လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည် ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"**ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၃၂ ဧကထိ စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၃၂ ဧကထိ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလည်း ကွင်းဆင်းဆောင်ရွက် ပေးသွားမယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ မတ်ပဲစိုက်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကျားပျံစပါးအမျိုးအစားတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ကျားပျံစပါးအမျိုးအစားတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ ကျားပျံစပါးတွေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိပါတယ်။ လတ်တလောအနေနဲ့ ကျားပျံစပါးက အရောင်းအဝယ်ပို ဖြစ်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေသည့် အတွက်ကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အောင်လံမြို့နယ် မအူခုံကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကဝ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရန်အချက်များနှင့် တာဝန်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ RBF စီမံကိန်းကော်မတီဝင် ငါးဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ မအူခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ RBF စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

**အထွေး**

# အမျိုးသားစာပေ တစ်သက်တာဆုရှင် ရှေးဟောင်းသုတေသီပညာရှင် ဆရာကြီး ဦးထွန်းရီ ကွယ်လွန်



**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာ့ရှေးဟောင်း စာပေများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စွမ်းစွမ်းတမံ ရှာဖွေစုဆောင်းသုတေသနပြုခဲ့သည့် ၂၀၁၇ ခုနှစ် **အမျိုးသားစာပေ တစ်သက်တာဆုရှင်** ရှေးဟောင်းသုတေသီပညာရှင် ဆရာကြီး **ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ)** သည် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် ဆရာကြီးသည် အသက် (၉၃)နှစ် ရှိပြီဖြစ်ပါသည်။

ဆရာကြီး ဦးထွန်းရီကို ၁၉၃၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၌ အဖ ဦးသိန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားခဲ့သည်။ အသက် ၁၉ နှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်ခဲ့ပြီး မူလတန်းကျောင်းဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ထို့နောက် မြန်မာအမျိုးသားဘဏ်တွင် အငယ်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ (B.A)ကို ရရှိခဲ့သည်။

ဆရာကြီးသည် ဘဏ်အရာရှိအဖြစ်မှ ဒုတိယမန်နေဂျာအထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၈၅-၈၆ ခုနှစ်တွင် မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၌ ညွှန်ကြားရေးဌာန မန်နေဂျာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၉၂-၉၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် ဂျပန်နိုင်ငံသို့ သွားရောက်ကာ ကျိုတိုတက္ကသိုလ် (Kyoto University) အရှေ့တောင်အာရှ လေ့လာရေးစင်တာတွင် Visiting Researcher/ Research Fellow အဖြစ် ၁၀ နှစ်ကျော်ကြာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အင်္ဂလိပ် - မြန်မာ သုတေသနစာအုပ်များကို ပြုစုထုတ်ဝေခဲ့သည်။

**စာပေလောကနှင့် သုတေသနစွမ်းဆောင်ချက်များ**

ဆရာကြီးသည် ဝိဇ္ဇာဘွဲ့ရရှိပြီးချိန်မှစ၍ တိမ်မြုပ်ကွယ်ပျောက်လုနီးပါးဖြစ်နေသော မြန်မာ့ရှေးဟောင်းစာပေများကို စွမ်းစွမ်းတမံ ရှာဖွေစုဆောင်းခဲ့ပြီး မူပွားစာတွဲပေါင်း ၂၅၂ တွဲအထိ ဖြန့်ဝေပေးနိုင်ခဲ့သည်။ ၎င်းအပြင် အချုပ်တန်းဆရာဖေ၏ ကဗျာပေါင်းချုပ် (၁၉၇၀)၊ မင်းနှစ်မင်း စာဆိုနှစ်စုံတွဲ ကဗျာပေါင်းချုပ်(၁၉၇၁)၊ စလေဦးပုည ဘဝနှင့်စာပေ၊ ရှေးကစာပေဆုများစာအုပ်(၁၉၇၂)၊ စာပေဂီတနှင့် ဝန်ကြီးပဒေသရာဇာ၊ မင်းလက်ဝဲနော်ရထာ၊ ရှင်မဟာသီလဝံသ စာအုပ် (၁၉၇၄)၊ မြို့ရန်ကုန် ဘုရားစုံသမိုင်းစာအုပ် (၁၉၇၆)၊ ပြည်သူ့စာဆို မောင်းထောင်ဦးကျော်လှ သူ့ခေတ် သူ့ဘဝ သူ့စာ (၁၉၇၇) နှင့် မြန်မာ့စာပေအမြုတေများနှင့် စာဆိုတော်ကြီးများစာအုပ် စသည့်ထင်ရှားကျော်ကြားသော ကျမ်းနှင့် စာအုပ်ပေါင်းများစွာကို ရေးသားပြုစုထုတ်ဝေခဲ့သည်။

ဆရာကြီးသည် မိဘဂုဏ်စာအုပ်တိုက်ကိုလည်း ကိုယ်တိုင်တည်ထောင်ကာ မြန်မာမှုနှင့် ရှေးဟောင်းကျမ်းစာများကို စုစည်းပုံနှိပ်ထုတ်ဝေခဲ့ပြီး မင်းမဟော်၊ မင်းမဟော်ထွန်း၊ မောင်ကောက်သင်း စသည့် ကလောင်ခွဲများဖြင့်လည်း စာပေများ ရေးသားခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် ၂၀၀၇၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ထွန်းဖောင်ဒေးရှင်းစာပေဆုများကို အကြိမ်ကြိမ် ဆွတ်ခူးရရှိခဲ့ကာ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံခဲ့ရသည်။

ထို့ပြင် မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးကန်တော့ခံပညာရှင်၊ သာကေတမြို့နယ် စာရေးဆရာအသင်းနာယက၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းနာယက၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ပြုစုထုတ်ဝေရေးပညာရှင်အဖွဲ့ဝင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပေပုရပိုက်စုဆောင်းထိန်းသိမ်းရေး အဖွဲ့ဝင်အဖြစ် မကွယ်လွန်မီအချိန်အထိ မြန်မာ့စာပေနှင့် ယဉ်ကျေးမှု ကဏ္ဍတိုးတက်ရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။

ဆရာကြီး ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ) ကွယ်လွန်သွားခြင်းသည် မြန်မာ့စာပေလောကနှင့် ရှေးဟောင်းသုတေသနပညာရပ်ဝန်းအတွက် ကြီးမားလှသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ရပါကြောင်း ဝမ်းနည်းမှတ်တမ်းတင်အပ်ပါသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် အရှေ့တောင်အာရှ၏ AI ပါဝါဟောက်စ်တည်ဆောက်ခြင်း

ဉာဏ်ရည်တု (AI) သည် ၂၁ ရာစု၏ နည်းပညာသစ်တစ်ခုဖြစ်လာပြီးကမ္ဘာတစ်ဝန်းရှိ စီးပွားရေးများ၊ စက်မှုလုပ်ငန်းများနှင့် အများပြည်သူအုပ်ချုပ်ရေးကို ပြန်လည်ပုံဖော်လျက်ရှိသည်။ အမေရိကန်နှင့် တရုတ်ကဲ့သို့သော နိုင်ငံများသည် AI သုတေသနကို ဆက်လက်လွှမ်းမိုးထားဆဲဖြစ်သော်လည်း အရှေ့တောင်အာရှသည် AI ဆန်းသစ်တီထွင်မှုအတွက် အရေးကြီးသော ဗဟိုချက်တစ်ခုအဖြစ် ပေါ်ထွက်လာနေသည်။

ထိုင်းနိုင်ငံသည် နည်းပညာဆိုင်ရာ ယှဉ်ပြိုင်မှုတစ်ခုတည်းဖြင့် AI ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည့်အစား တာဝန်ယူမှုရှိသော ဆန်းသစ်တီထွင်မှု၊ လူသားဗဟိုပြုအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးအသွင်ပြောင်းမှုကို အလေးပေးသည့် မဟာဗျူဟာတစ်ခုကို လက်ခံကျင့်သုံးခဲ့သည်။ ၎င်း၏အမျိုးသား AI မဟာဗျူဟာနှင့် လုပ်ဆောင်ချက်အစီအစဉ် (၂၀၂၂-၂၀၂၇) ဖြင့် ပံ့ပိုးထားသော ထိုင်းနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် အများပြည်သူအုပ်ချုပ်ရေးတို့တွင် AI ကို ပေါင်းစပ်အသုံးပြုခဲ့ပြီး ဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာ မူဘောင်များကို အားကောင်းစေသည်။ ယူနက်စကို၏ မကြာသေးမီက အကဲဖြတ်မှုများအရ ထိုင်းနိုင်ငံသည် ရေရှည် AI တိုးတက်မှုကိုပံ့ပိုးပေးနိုင်သော ဂေဟစနစ်တစ်ခုတည်ထောင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုရှိကြောင်း ညွှန်ပြနေသည်။

**ဉာဏ်ရည်တုအတွက် အမျိုးသားအမြင်**

ထိုင်းနိုင်ငံ၏ AI ခရီးစဉ်ကို အမျိုးသား AI မဟာဗျူဟာနှင့် လုပ်ဆောင်ချက်အစီအစဉ်ဖြင့် လမ်းညွှန်ထားပြီး နိုင်ငံကို ဆန်းသစ်တီထွင်မှုဖြင့် မောင်းနှင်သော စီးပွားရေးအဖြစ်သို့ ပြောင်းလဲရန် လမ်းပြမြေပုံတစ်ခုပံ့ပိုးပေးသည်။ ၎င်းမဟာဗျူဟာသည် ထုတ်လုပ်မှုတိုးမြှင့်ရန်၊ အများပြည်သူဝန်ဆောင်မှုများတိုးတက်ကောင်းမွန်စေရန်၊ ဒစ်ဂျစ်တယ်ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေရန်နှင့် AI နည်းပညာများကို တာဝန်သိစွာ တီထွင်ထားရန် ရည်ရွယ်ထားသည်။

ထိုင်းနိုင်ငံ၏ ချဉ်းကပ်မှုသည် စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို အဓိကထားသော အမျိုးသား AI မဟာဗျူဟာများစွာနှင့်မတူဘဲ ကျင့်ဝတ်၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူယုံကြည်မှုတို့ကို တန်းတူအလေးထားသည်။ မူဝါဒချမှတ်သူများက AI သည် လျှို့ဝှက်ချက်၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးများကို ကာကွယ်ရင်းလူသားများ၏ ကောင်းကျိုးချမ်းသာကို မြှင့်တင်သင့်ကြောင်း အသိအမှတ်ပြုထားသည်။ ဤဟန်ချက်ညီသော ချဉ်းကပ်မှုသည် နိုင်ငံတကာ၏ အာရုံစိုက်မှုကို တိုးပွားလာစေပြီး အရှေ့တောင်အာရှတွင် တာဝန်သိသော AI အုပ်ချုပ်မှု၏ ပေါ်ထွက်လာသော ဥပမာတစ်ခုအဖြစ် ထိုင်းနိုင်ငံကို ရပ်တည်စေခဲ့သည်။

**ထိုင်းနိုင်ငံ၏ AI အသင့်ဖြစ်မှု**

ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ယူနက်စကို၏ AI အသင့်ဖြစ်မှု အကဲဖြတ်အစီရင်ခံစာနှင့်အတူ အဓိကမှတ်တိုင်တစ်ခုရောက်ရှိလာခဲ့သည်။ အစိုးရအေဂျင်စီများ၊ တက္ကသိုလ်များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများအပေါ် အခြေခံ၍ အကဲဖြတ်မှုသည် ထိုင်းနိုင်ငံကို ရှုထောင့်ငါးခုဖြင့် အကဲဖြတ်ခဲ့သည်။ ၎င်းတို့မှာ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ အသင့်ဖြစ်မှု၊ နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံ၊ သိပ္ပံနည်းကျ သုတေသနစွမ်းရည်၊ စီးပွားရေးအသင့်ဖြစ်မှု၊ လူမှုရေးနှင့် ကျင့်ဝတ်ဆိုင်ရာ အုပ်ချုပ်မှုတို့ဖြစ်သည်။

ယူနက်စကို၏ အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် AI လက်ခံကျင့်သုံးမှုအတွက် ခိုင်မာသောအုတ်မြစ်တစ်ခုရှိပြီး အဖွဲ့အစည်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု၊ AI ပါရမီရှင် ဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒအကောင်အထည်ဖော်မှုတို့ကို တိုးတက်စေရန် အခွင့်အလမ်းများကို ဖော်ထုတ်နေသည်ဟု ဖော်ပြထားသည်။ ၎င်းသည် AI ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတကာကျင့်ဝတ်စံနှုန်းများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့် ညှိနှိုင်းရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကိုလည်း ချီးကျူးဂုဏ်ပြုထားသည်။ ယူနက်စကို၏ AI ကျင့်ဝတ်ဆိုင်ရာ ဂလိုဘယ်ဖိုရမ်ကို လက်ခံကျင်းပခြင်းသည် တာဝန်ယူမှုရှိသော AI အုပ်ချုပ်မှုတွင် ထိုင်းနိုင်ငံ၏ ကြီးထွားလာသော နိုင်ငံတကာပုံရိပ်ကို ပိုမိုအားကောင်းစေသည်။




**AI ကို အရှိန်မြှင့်တင်ခြင်း**

ထိုင်းနိုင်ငံသည် ဒစ်ဂျစ်တယ်စီးပွားရေးတွင်သာမက အမျိုးသားတိုးတက်မှု၏ ကျောရိုးဖြစ်သောရိုးရာ စက်မှုလုပ်ငန်းများတွင် AI ကို အသုံးချနေသည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင် AI သည် ဆရာဝန်များကို ဆေးဘက်ဆိုင်ရာပုံရိပ်ဖော်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ဆေးရုံစီမံခန့်ခွဲမှုတို့တွင် ကူညီပေးပြီး ရောဂါရှာဖွေတိကျမှုနှင့် လုပ်ငန်းလည်ပတ်မှုထိရောက်မှုကို တိုးတက်စေသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးအားသာချက်တစ်ခုအဖြစ်ကြာမြင့်စွာသတ်မှတ်ခံထားရသော ထုတ်လုပ်ရေးကဏ္ဍသည် AI ဖြင့် မောင်းနှင်သော အလိုအလျောက်စနစ်၊ ကြိုတင်ခန့်မှန်းထိန်းသိမ်းမှုနှင့် ဉာဏ်ရည်ထက်မြက်သော အရည်အသွေးထိန်းချုပ်မှုတို့ကို မြှင့်တင်ရန် ပိုမိုအသုံးပြုလာသည်။ စိုက်ပျိုးရေးသည် တိကျသော လယ်ယာစိုက်ပျိုးရေး၊ သီးနှံစောင့်ကြည့်ခြင်း၊ ရာသီဥတုခန့်မှန်းခြင်းနှင့် စမတ်ကျသော ရေသွင်းစနစ်များမှတစ်ဆင့် AI မှ အကျိုးကျေးဇူးရရှိနေသည်။ လယ်သမားများကို ကုန်ကျစရိတ်လျှော့ချပေးပြီး အထွက်နှုန်းတိုးတက်စေရန် ကူညီပေးသည်။

တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံ၏ အရေးကြီးဆုံးစက်မှုလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည် AI ဖြင့် ဆောင်ရွက်သော ဖောက်သည်ဝန်ဆောင်မှုများ၊ ဘာသာစကားပေါင်းစုံ virtual assistant များနှင့် ဧည့်သည်အတွေ့အကြုံများကို မြှင့်တင်ပေးသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ခရီးသွားအကြံပြုချက်များကို လက်ခံကျင့်သုံးနေသည်။

**လူ့စွမ်းအားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်း**

နည်းပညာတစ်ခုတည်းဖြင့် AI စီးပွားရေးကို တည်ဆောက်၍မရပေ။ ဤအခြေအနေကို သိရှိခြင်းဖြင့် ထိုင်းနိုင်ငံသည် AI ပါရမီရှင်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်ဗဟုသုတမြှင့်တင်ရန် ရည်မှန်းချက်ကြီးမားသော အစီအစဉ်များကို စတင်နေပြီဖြစ်သည်။

အစိုးရအေဂျင်စီများသည် တက္ကသိုလ်များနှင့် ထိပ်တန်းနည်းပညာကုမ္ပဏီများ ပူးပေါင်း၍ AI ပညာရေး၊ ပရော်ဖက်ရှင်နယ်သင်တန်းနှင့် သုတေသနအခွင့်အလမ်းများကို တိုးချဲ့လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အရပ်ဘက်ဝန်ထမ်းများ၊ စွန့်ဦးတီထွင်သူများ၊ ကျောင်းသားများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် လက်တွေ့ကျသော AI ကျွမ်းကျင်မှုများ ပေးအပ်ရန်ရည်ရွယ်ထားသည်။

**အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ**

ထိုင်းနိုင်ငံ၏ AI မဟာဗျူဟာ၏ နောက်ထပ်အားသာချက်တစ်ခုမှာ ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုပုံစံဖြစ်သည်။ အစိုးရအေဂျင်စီများ၊ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ Startup များနှင့် နိုင်ငံတကာ နည်းပညာကုမ္ပဏီများသည် AI ဆန်းသစ်တီထွင်မှုကို အရှိန်မြှင့်တင်ရန် အတူတကွ ပိုမိုလုပ်ဆောင်လာကြသည်။ ထိုကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုသည် အသိပညာဗဟုသုတလွှဲပြောင်းမှု၊ သုတေသနစီးပွားဖြစ်လုပ်ဆောင်မှုနှင့် Startup ဖွံ့ဖြိုးတိုးတက်မှုကို အားပေးပြီး ပညာရေးနှင့် စက်မှုလုပ်ငန်းကြား အတားအဆီးများကို လျှော့ချပေးသည်။

ထို့ပြင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် ထိုင်းနိုင်ငံကို AI အုပ်ချုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးလုပ်ဆောင်မှုများကို လက်ခံကျင့်သုံးနိုင်စေပြီး ဒေသန္တရအခြေအနေများနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေသည်။

**ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်အဖြစ် ဖော်ဆောင်သော AI အုပ်ချုပ်မှု**

ထိုင်းနိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှုတွင် ထူးခြားသော အင်္ဂါရပ်တစ်ခုမှာ ကျင့်ဝတ်ဆိုင်ရာအုပ်ချုပ်မှုကို အလေးပေးခြင်းဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများကို ဆန်းသစ်တီထွင်မှုအတွက် အတားအဆီးတစ်ခုအဖြစ် သဘောထားမည့်အစား တာဝန်ယူမှုရှိသော အုပ်ချုပ်မှုကို ရေရှည်တည်တံ့သော AI လက်ခံကျင့်သုံးမှုအတွက် အခြေခံအုတ်မြစ်အဖြစ်ရှုမြင်သည်။ ကျင့်ဝတ်စံနှုန်းများသည် လူထုယုံကြည်မှုကို တိုးမြှင့်စေပြီး ရင်းနှီးမြှုပ်နှံမှုအန္တရာယ်များကို လျှော့ချပေးသည်။ ထို့ပြင် AI နည်းပညာများကို ပိုမိုကျယ်ပြန့်စွာ လက်ခံကျင့်သုံးရန် အားပေးသည်။

ကမ္ဘာတစ်ဝန်းတွင် မှားယွင်းသော သတင်းအချက်အလက်များ၊ အယ်လဂိုရီသမ်ဘက်လိုက်မှု၊ ကိုယ်ရေးကိုယ်တာနှင့် ဆိုက်ဘာလုံခြုံရေးတို့အပေါ် စိုးရိမ်မှုများတိုးပွားလာသည်နှင့်အမျှ ယုံကြည်စိတ်ချရသော AI အုပ်ချုပ်မှု မူဘောင်များရှိသော နိုင်ငံများသည် နိုင်ငံတကာယုံကြည်မှုနှင့် ပိုမိုခိုင်မာသော ဒစ်ဂျစ်တယ်မိတ်ဖက်များကို ရရှိနိုင်ခြေရှိသည်။

ယူနက်စကိုနှင့် ထိုင်းနိုင်ငံ၏ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် လူသားဗဟိုပြုတန်ဖိုးများအပေါ် အခြေခံသည့် AI ဂေဟစနစ်တစ်ခုတည်ဆောက်ရန် ၎င်း၏ကတိကဝတ်ကို ပြသနေသည်။

**ရှိနေဆဲစိန်ခေါ်မှုများ**

အထင်ကြီးလောက်သော တိုးတက်မှုများရှိသော်လည်း ထိုင်းနိုင်ငံသည် အရေးကြီးသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် အဆင့်မြင့်ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကို ဆက်လက်တိုးချဲ့ခြင်း၊ AI သုတေသီများနှင့် အင်ဂျင်နီယာများကို ပိုမိုထုတ်လုပ်ခြင်း၊ AI start-up များကို ပံ့ပိုးပေးခြင်း၊ ကွန်ပျူတာအရင်းအမြစ်များကို အသုံးပြုခွင့်တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းနှင့် မြို့ပြနှင့် ကျေးလက်ဒေသများကြား ဒစ်ဂျစ်တယ်မညီမျှမှုကို လျှော့ချခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

စင်စစ်အစိုးရအဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်မှုကို အားကောင်းစေပြီး နည်းပညာတိုးတက်မှုများနှင့်အတူ AI စည်းမျဉ်းများ တိုးတက်ပြောင်းလဲလာစေရန် သေချာစေခြင်းသည်လည်း မရှိမဖြစ်လိုအပ်သည်။ ဤပြဿနာများကို ဖြေရှင်းခြင်းသည် အရှေ့တောင်အာရှတွင် AI ဦးဆောင်နိုင်ငံဖြစ်လာရန် ထိုင်းနိုင်ငံ၏ ရည်မှန်းချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်မလားဆိုသော အချက်ကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ထိုင်းနိုင်ငံ၏ AI ခရီးစဉ်သည် အောင်မြင်သော ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုအတွက် အဆင့်မြင့်အယ်လဂိုရီသမ်များထက် ပိုမိုလိုအပ်ကြောင်း ဖော်ပြနေသည်။ ထို့ကြောင့် အမြော်အမြင်ရှိသော ခေါင်းဆောင်မှု၊ လူများတွင် ရင်းနှီးမြှုပ်နှံမှု၊ တာဝန်ယူမှုရှိသော အုပ်ချုပ်မှုနှင့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများကြား ခိုင်မာသော မိတ်ဖက်များရှိရန် လိုအပ်သည်။

နည်းပညာဆန်းသစ်တီထွင်မှုနှင့် ကျင့်ဝတ်ဆိုင်ရာမူများကို ပေါင်းစပ်ခြင်းဖြင့် ထိုင်းနိုင်ငံသည် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ပြီး အများပြည်သူဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေမည့် AI ဂေဟစနစ်ကို တည်ငြိမ်စွာတည်ဆောက်နေသည်။ ၎င်း၏ ဟန်ချက်ညီသော ချဉ်းကပ်မှုသည် လူ့တန်ဖိုးများကို ကာကွယ်ရင်း AI ကို အသုံးချရန် ရှာဖွေနေသော ဖွံ့ဖြိုးဆဲနိုင်ငံများစွာအတွက် အဖိုးတန်သင်ခန်းစာများကို ပေးနေသည်။

သို့ဖြစ်ရာလက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်ဖြစ်ပေါ်နေပါက ထိုင်းနိုင်ငံသည် အာဆီယံ၏ ဦးဆောင် AI ဆန်းသစ်တီထွင်သူများထဲမှ တစ်ဦးဖြစ်လာရုံသာမက အာရှ-ပစိဖိတ်ဒေသတစ်လျှောက် တာဝန်ယူမှုရှိသော AI ၏ အနာဂတ်ကို ပုံဖော်ရာတွင် လေးစားခံရရန် ကောင်းမွန်သောအနေအထားတွင် ရှိနေကြောင်းတင်ပြလိုက်ပါသည်။

**ကိုးကား**

- **UNESCO. (2025). Thailand: Artificial Intelligence Readiness Assessment Report.**
- **UNESCO. (2024–2026). UNESCO's AI Readiness Assessment to Boost Ethical Governance of AI in Thailand and the 2025 Global Forum on the Ethics of AI.**

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

- (က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- (ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- (ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
- (ခ) ၂၀၂၄ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
- (ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

- (က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
- (ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
- (ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၄ ရက်မှ ၂၇-၉-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၅၃၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မြင်းမူ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၅၃၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၉၂ ဧက၊ ဖူးစားပြောင်း ၆၃၄၇ ဧက စုစုပေါင်း ၈၅၃၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## တောင်တွင်းကြီးမြို့နယ် အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ကြင်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ နွဲ့ယဉ်







## ကျောင်းသားအမည်မှန်နှင့် ဖခင်အမည်မှန်

တံတားဦးမြို့ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မမေဖြိုးခွန်းနိုင်၏ အမည်မှန်မှာ **မမေဖြိုးခွင်းနိုင်** ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ **ဦးသက်နိုင်တူး** ဖြစ်ပါကြောင်း။

**မမေဖြိုးခွင်းနိုင်**
**အဘ- ဦးသက်နိုင်တူး**
**(၉/မခန(နိုင်)၁၇၉၈၉၇)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထက (၁) Grade-11 (စံပယ်) တန်းတွင် ပညာသင်ကြားနေသော မယမင်းထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ **ဦးဗိုလ်မင်းထွန်း** ဖြစ်ပါကြောင်း။

**ဦးဗိုလ်မင်းထွန်း**
**(၉/တတဥ(နိုင်)၀၇၅၇၇၅)**

## မိဘအမည်မှန်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၁)စလေပရဟိတဘုန်းတော်ကြီးသင်ပညာရေး(တွဲဖက်)အထက်တန်းကျောင်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပဉ္စမတန်း၌ ပညာသင်ကြားနေသော မောင်သူရဇော်၏ မိဘအမည်မှန်မှာ **ဦးဝေလင်းထွန်း+ဒေါ်ခင်ဖြူဖြူဝင်း** ဖြစ်ပါကြောင်း။

**ဦးဝေလင်းထွန်း (၉/အမဇ(နိုင်)၀၆၇၃၀၉)**
**ဒေါ်ခင်ဖြူဖြူဝင်း (၉/ခမစ(နိုင်)၀၁၀၂၅၅)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ် အလက - ရှမ်းတောင်ဦးကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေသော မသီရိမွန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနိုင်မင်း** ဖြစ်ပါကြောင်း။

**ဦးနိုင်မင်း**
**(၉/ကဆန(နိုင်)၁၃၃၂၉၄)**

## မိခင်အမည်မှန်

ကျောက်ဆည်မြို့နယ် အလက-ရှမ်းတောင်ဦးကျောင်းမှ Grade-8 တန်းတွင် ပညာသင်ကြားနေသော မောင်သက်ပိုင်ထွန်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်ဆွေဆွေနိုင်** ဖြစ်ပါကြောင်း။

**ဒေါ်ဆွေဆွေနိုင်(၉/ကဆန(နိုင်)၁၆၂၇၉၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက် အမှတ်(လလ-၇၈/၆၁)နေ စိတ်ကူးသစ်အောင်နိုင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မမေဖူးခိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလှမိုးသန်း** ဖြစ်ပါကြောင်း။ **ဦးလှမိုးသန်း(၉/မနတ(နိုင်)၀၀၂၆၈၈)**

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မန္တလာတက္ကသိုလ်**
**၂၀၂၆ -၂၀၂၇ ပညာသင်နှစ် BTHM သင်တန်းအတွက်**
**ပထမနှစ် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

၁။ မန္တလာတက္ကသိုလ်တွင် အောက်ဖော်ပြပါဘွဲ့သင်တန်းအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | Bachelor of Tourism and Hospitality Management | BTHM | (၄) နှစ် | (၂၅၀) ဦး | အချိန်ပြည့် |

၂။ အဆိုပါ ဘွဲ့သင်တန်းအတွက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး သတ်မှတ်လျှောက်လွှာပုံစံအား မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
၃။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - **၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ**
၄။ လျှောက်လွှာတင်သွင်းရမည့်နေရာ - **ကျောင်းသားရေးရာဌာန၊ မန္တလာတက္ကသိုလ်။**
၅။ လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် - **၂၅ - ၈ -၂၀၂၆**
၆။ လျှောက်လွှာစတင် တင်သွင်းရမည့်ရက် - **၂၅ - ၈ -၂၀၂၆**
၇။ လျှောက်လွှာပိတ်ရက် - **၃၀ - ၉ -၂၀၂၆**
၈။ ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်ရက် - **၂၀၂၆ ခုနှစ် နိုဝင်ဘာလ**
၉။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။
(ဂ) အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူမဖြစ်ရ။
၁၀။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည် -
(၁) သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်နှင့် အမှတ်စာရင်းမူရင်း၊
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ (၃) ပုံ (ပူးတွဲ)
၁၁။ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် အမှတ်များသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ဝင်ခွင့်ရရှိသူများစာရင်းနှင့် ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်ကို မန္တလာတက္ကသိုလ်၌ ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ်နှံသည့်အခါ ကျောင်းသားနှင့်မိဘနှစ်ပါး၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို **မပျက်မကွက် (မပျက်မကွက်)** ယူဆောင်လာရမည်။
၁၂။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်းနံပါတ် ၀၉-၉၈၄၇၇၆၆၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မို့မို့နွယ်**
**မော်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန**
**မန္တလာတက္ကသိုလ်**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်အမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များဖြစ်စေရန် ရည်ရွယ်ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊အရေး၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၄ ❖



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။



ရှေ့တန်းပြန် တပ်မတော်သားများကို ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၂၁ ကော်လံ ၁ ■

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများတွင် မွန်ပြည်နယ်အသင်းက ပထမရွှေတံဆိပ်ဆုများ ဆွတ်ခူး



နေပြည်တော် ဩဂုတ် ၂၆

မျိုးဆက်သစ် ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် တို့ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A)၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ပထမရွှေတံဆိပ်ဆုများ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ယနေ့ပွဲစဉ်၌ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်

စာမျက်နှာ ၂၄ ကော်လံ ၁ ●